သုဘာသိတာ စ ယာဝါစာ တေ မင်္ဂလ မုတ္တမံ၊ ချိုသာစွာပြောဆိုခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၁၃ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၆၅)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၄၁)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခြင်းကျင်းပြသထားမှုကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေပိုင်းတွင် ၂၀၀၄ ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)** ***စာမျက်နှာ ၃ ကော်လံ ၁*** ■

ဒေသမှန်သမျှ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်ရမည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ထားကြရမည်

ဒို့တပ်မတော်သားတွေဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ ပြည်သူ့တပ်မတော်သားတွေ ဖြစ်တယ်။ ဒါကြောင့် စစ်တိုက်ရန်နဲ့ လေ့ကျင့်ရန်မရှိက မိဘပြည်သူကို အလုပ်အကျွေးပြုကြရမယ်။ ရောက်လေရာဒေသကို ကိုယ့်ဇာတိရပ်ရွာလို သဘောထားပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ကြရမယ်။

ရဲဘော်တို့ဟာ နိုင်ငံတော်အေးချမ်းသာယာရေး တာဝန်ကိုထမ်းဆောင်ရင်း နေရာဒေသအနှံ့ကို ရောက်ကြရမှာ ဖြစ်တယ်။ ကိုယ်ရောက်ရာဒေသမှန်သမျှ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်ရမယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်ကို ထားကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၆)သင်တန်းဆင်းမိန့်ခွန်းမှ–

ခေတ်အဆက်ဆက် ပြည်သူ့အတွက်တပ်မတော်

☆ တပ်မတော်အား(၁၀)ပါး ☆

၁။ သစ္စာစောင့်သိမှု၊
၂။ အမိန့်နာခံတတ်မှု၊
၃။ စိတ်ဓာတ်ခိုင်မာမှုနှင့် ဖွဲ့သတ္တိပြည့်ဝမှု၊
၄။ စစ်စည်းကမ်း ကောင်းမွန်မှု၊
၅။ လေ့ကျင့်သား ပြည့်ဝမှု၊

၆။ တိုက်ရည်ခိုက်ရည် ပြည့်ဝမှု၊
၇။ ကျန်းမာကြံ့ခိုင်မှု၊
၈။ အချင်းချင်းရဲဘော်စိတ် ထားရှိမှု၊
၉။ စွန့်လွှတ်စွန့်စားမှု၊
၁၀။ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်မှု။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မတ်လ ၁၃ ရက်)

ပြည်သူယုံကြည်မှုရရှိရေး လက်တွေ့ကျကျဆောင်ရွက် စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းအသုံးချနိုင်ရေးဦးဆောင်

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့်တိုင်းအားလုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် အခြားပြည်နယ်နှင့်တိုင်းများနည်းတူ တောတောင် မြစ်ချောင်းပေါများသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးခဲ့ရာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ၂၈ရက်နေ့နှင့်မတ်လ ၁ရက်နေ့များက ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၊ ကျောက်ဖြူခရိုင်နှင့် အမ်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျောက်ဖြူခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာတွင်–

"ဤကဲ့သို့သော စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံကောင်းများရှိနေပါလျက် ထိထိမိမိ အသုံးမချနိုင်သေးသည်ကို အကျိုးရှိရှိအသုံးချလာစေရန် တာဝန်ရှိသူဌာနဆိုင်ရာများက ဦးဆောင်ဦးရွက်ပြုပြီး နည်းပညာပံ့ပိုးကူညီမှုများဖြင့် အားပေးကြရမှာဖြစ်ကြောင်း"

မှာကြားသည်။

ကျောက်ဖြူခရိုင်သည် စီးပွားဖြစ်ထွန်းနိုင်သည့် ရေသယံဇာတအခြေခံကောင်းများ ရှိပိုင်ဆိုင်ထားသည့် ခရိုင်တစ်ခုဖြစ်သည်။ ရေထွက်ပစ္စည်းပေါကြွယ်ဝသည့် ပင်လယ်ပြင်မှ စီးပွားဖြစ်ရေလုပ်ငန်းများကို ယခင်ကကဲ့သို့ ဖြစ်ထွန်းစေရေး လုပ်ကိုင်ရန်လိုအပ်သည်။

ထို့အပြင်စိုက်ပျိုးနိုင်သည့် မြေယာအများအပြားကို စနစ်တကျဖော်ထုတ်စိုက်ပျိုးမှု ဆက်လက်လုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်။

စိုက်ပျိုးရေးအခြေခံစီးပွားရေး တိုးတက်မှုပိုမိုရရှိခံစားနိုင်စေရန် အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားစေရေးအတွက် စီမံဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ မျိုးကောင်းမျိုးသန့် အစားထိုးပြောင်းလဲစိုက်ပျိုးခြင်းဖြင့် အမှန်တကယ်အကျိုးခံစားရသည်ကို တောင်သူများယုံကြည်စိတ်ချမှုရှိစေရန် ဌာနဆိုင်ရာများက ဦးဆောင်နမူနာ စံပြစိုက်ကွက်များ ထူထောင်စိုက်ပျိုးပြသ ပညာပေးစည်းရုံး ဆောင်ရွက်သွားကြရန်လိုသည်။

မိမိဒေသဝမ်းစာဖူလုံရေးကို အမှီအခိုကင်းစွာဖြင့် စိုက်ပျိုးသွားရေး စီမံချက်အတိုင်း အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မွေးမြူရေးထုတ်ကုန်များ တိုးတက်လာရေးအတွက်လည်း စံပြငါး၊ ပုစွန်မွေးမြူရေးကန်များ တူးဖော်ပြီးနမူနာပြ မွေးမြူပြသပေးကြရမည် ဖြစ်သည်။

စိုက်ပျိုးသူများ၊ မွေးမြူသူများအတွက် သိသိသာသာအကျိုးဖြစ်ထွန်းမှုများရရှိခံစားနိုင်သည်ကို ယုံကြည်လက်ခံစိုက်ပျိုးမွေးမြူလာစေရန် နည်းပေးလမ်းပြလုပ်ဆောင်ပြသပေးခြင်းဖြင့် လိုအပ်မှုများကို လမ်းညွှန်ပံ့ပိုးပေးသွားရန် လိုပေသည်။

ထို့အပြင် ကျောက်ဖြူဒေသနှင့်ဆက်စပ်နေသည့် ပင်လယ်ပြင်တွင် သဘာဝဓာတ်ငွေ့သိုက် ရှာဖွေတွေ့ရှိထားပြီးဖြစ်ရာ မကြာမီကာလတွင် ယင်းဒေသကိုအခြေခံပြီး ရေနံတူးဖော်၊ ထုတ်လုပ်၊ ဖြန့်ဖြူး၊ သယ်ယူသည့် လုပ်ငန်းများထွန်းကားလာမည့်အပြင် ရေနက်ဆိပ်ကမ်းတည်ဆောက်နိုင်မည့် အခြေအနေကောင်းများလည်းရှိရာ ကျောက်ဖြူဒေသသည် အရေးပါသည့် ဒေသတစ်ခုဖြစ်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ စီးပွားရေးနှင့် လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည့် အချိန်အခါတွင် ပြည်သူများအပိုင်းကလည်း မိမိတို့၏ လူနေမှုဘဝတိုးတက်မြင့်မားလာစေရန် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိဒေသများအမြန်ဖွံ့ဖြိုးတိုးတက်လာရေး၊ ပြည်သူများ၏ လူနေမှု စီးပွားရေးဘဝတိုးတက်ဖြစ်ထွန်းရေး၊ ဒေသနေပြည်သူများ၏ ယုံကြည်အားကိုးမှုများရရှိစေရန် ဝီရိယနှင့် စေတနာပေါင်းစပ်ပြီး လက်တွေ့ကျကျဆောင်ရွက်သွားကြရန်နှင့် စိုက်ပျိုးမွေးမြူရေးအခြေခံကောင်းများ အကျိုးရှိရှိအသုံးချနိုင်ရေး ဦးဆောင်ဦးရွက်ပြု စီမံဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တန့်ဆည်မြို့နယ်အသင်းနှစ်ပတ်လည်စည်းဝေး ဘွဲ့တံဆိပ်တော်ရ ဆရာတော်များပူဇော်

ရန်ကုန် မတ် ၁၂

တန့်ဆည်မြို့နယ်အသင်း၏(၄၃) နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများပူဇော်ပွဲ၊ သက်ကြီးမိဘ ဂါရဝပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီက ဗဟန်း ၃ လမ်းရှိ အသင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာတန့်ဆည်မြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်(ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ)က အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြ အတည်ပြုသည်။ ထို့နောက် ဥက္ကဋ္ဌ ဦးကျော်ထိန်၊ အတွင်းရေးမှူး ဦးကျော်ဒင်တို့ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ ထို့နောက် တန့်ဆည်နယ်ဖွား စစ်ကိုင်းမြို့ ဓမ္မာမင်္ဂလာကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဇနိန္ဒနှင့် မြိတ်မြို့ ဘုရားငါးဆူကျောင်းတိုက်ဆရာတော် ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ကေသဝတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ဝဲပုံ)** ဆက်လက်၍ ၂၀၀၃ ခုနှစ် ပညာရည်ချွန်ဆုရရှိသူများအားဂုဏ်ပြုလက်မှတ်နှင့်ဆုများ ပေးအပ်ပြီးအသက် (၇၅)နှစ်အထက်သက်ကြီးပုဂ္ဂိုလ်များအားဂါရဝပြုပူဇော်ကန်တော့ကြကြောင်းသိရသည်။ **(က–ပ)**

မတ် ၁၁ ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းသည် စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ (TE-21) ကားများကို ဟိုက်ဒြောလစ် စနစ်ဖြင့် အမှိုက်သယ်ယာဉ်၊ ကျောက်သယ်ယာဉ်များ အဖြစ်ပြောင်းလဲ တည်ဆောက်နေသည်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဌာနမှူး ဦးမင်းလွင်၊ တည်ဆောက်မှု တာဝန်ခံအင်ဂျင်နီယာ လက်ထောက်ဌာနမှူး ဦးအောင်ခင်ဇံတို့က လုပ်ငန်း ဆောင်ရွက်မှုများကို လိုက်လံရှင်းလင်းပြသစဉ်။
(၂၁၀)

မတ် ၉ ရက်က တောင်ဥက္ကလာပမြို့နယ် အမက(၄)၌ ၂၀၀၂–၂၀၀၃ ပညာသင်နှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲတွင်ယဉ်ကျေးမှုစာမေးပွဲ၌ ပထမဆုရရှိသော မကျော်ကလျာနှင်းပြည့်အား ကျောင်းအုပ်ဆရာကြီး ဦးမျိုးခင်က ဆုချီးမြှင့်စဉ်။
(က–ပ)

သာသနာ့ဟိတဓမ္မာရုံ မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်(၂) ရပ်ကွက် သီတာလမ်းရှိ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းပြန့်ပွားရေး အဖွဲ့ကြီး၏ နှစ်စဉ်မဟာသင်္ကြန် ခုနစ်ရက် တရားစခန်းပွဲတွင် အရှင်တိလောက (ပွင့်ဖြူ) မိုးကုတ်အဖွဲ့ချုပ် ဓမ္မကထိက ရေကူးမြို့မ ကျောင်းကြီး ကမ္ဘာအေးအရှင်မြတ်က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဟောကြားပြသမည် ဖြစ်၍ ယောဂီများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မော်လမြိုင်အောင်သပြေကမ္မဋ္ဌာန်းဆရာတော် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၂

မော်လမြိုင်မြို့ ဈေးချို–ဆန်တန်း ရပ်ကွက် အောင်သပြေ ကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာန နာယကမြို့နယ် သံဃနာယကအဖွဲ့(မဟာဒွါရ) ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သုဘောဂမထေရ်မြတ်အား ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၄ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းခြင်းခံရ၍ ဆရာတော်၏ မော်လမြိုင်မြို့ တပည့်ဒယကာ ဒါယိကာမများ စုပေါင်း၍ ထပ်ဆင့် ဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၁ ရက် (တနင်္ဂနွေနေ့)တွင်ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ ဒါယိကာမများ အထက်ပါကျောင်းတိုက်သို့ ကြွရောက်ကြည်ညိုသဒ္ဓါပွားကာ လှူဒါန်းပူဇော်နိုင်ကြကြောင်းသိရသည်။

(က–ပ)

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် စပိန်နိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းနည်းသဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၂

၂၀၀၄ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် စပိန်နိုင်ငံ မဒရစ်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ရပ်ကြောင့် အပြစ်ကင်းမဲ့သူလူအများအပြား အသက်ဆုံးရှုံးခဲ့ရခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ စပိန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျိုစ် မာရီရာ အက်ဇ်နာထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာတစ်စောင်ပေးပို့သည်။ **(သတင်းစဉ်)**

ထူးကဲကျောက်မျက်ရတနာဝေါ်ရာ ထပ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွက် မြန်မာ့ကျောက်မျက်ရတနာခန်းမ အဆောက်အအုံဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက် အရိုင်း၊ အထည်ကျောက်အရိုင်းနှင့် အသားကျောက် အရိုင်းတုံးများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့ညနေ ၄ နာရီတွင် ၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားသည့် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပြသရှင်းလင်း

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာခန်းမမြေညီထပ်ရှိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ကျောက်မျက်အရောင်းဆိုင်များ၊ ပုဂ္ဂလိက ကျောက်မျက်ရတနာ အရောင်းဆိုင်များနှင့် ကျောက်ကပ် ပန်းချီဆိုင်များကို ကြည့်ရှုစစ်ဆေးရာ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များက လိုက်လံပြသရှင်းလင်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာခန်းမ အဆောက်အအုံ ဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်အရိုင်း၊ အထည်ကျောက်အရိုင်းနှင့် အသားကျောက်အရိုင်းတုံးများကို ကြည့်ရှုစစ်ဆေးရာ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များက လိုက်လံပြသရှင်းလင်းကြသည်။

ပတ္တမြားရိုင်းကြီး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာခန်းမအပေါ်ဆုံးထပ်၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာအတွဲများနှင့် ပုလဲရတနာအတွဲများကို လည်းကောင်း၊ ခန်းမအလယ်ထပ် ဈေးပြိုင်ခန်းမ၌ ခင်းကျင်းပြသထားသည့် ထူးခြားသည့် ကျောက်စိမ်းအရည်ကျောက်များနှင့် စကျင်ကျောက်အတွင်းခွဲဝင်နေသည့် ပတ္တမြားရိုင်းကြီးကိုလည်းကောင်းလှည့်လည်ကြည့်ရှုစစ်ဆေးရာ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များက လိုက်လံပြသရှင်းလင်းကြသည်။

မှာကြား

ယင်းနောက် ဈေးပြိုင်ခန်းမ၌ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေ ၅နာရီခွဲတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွက် မြန်မာ့ကျောက်မျက်ရတနာခန်းမအလယ်ထပ်၌ ထူးခြားသည့် ကျောက်စိမ်းအရည်ကျောက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်စာရေးဆရာကိုယ်စားလှယ်အဖွဲ့တွေ့ဆုံနှုတ်ဆက်

ရန်ကုန် မတ် ၁၂

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်-မြန်မာ နှစ်နိုင်ငံ စာရေးဆရာများ အပြန်အလှန်နားလည်မှုနှင့် နှစ်နိုင်ငံပြည်သူများချစ်ကြည်မှု တိုးပွားလာစေရန်အတွက် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာများအသင်း သဘာပတိအဖွဲ့ အဖွဲ့ဝင် လျောင်နင်ပြည်နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဝမ်ချုံးလွီခေါင်းဆောင်သော တရုတ်စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။ **(ဝဲပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ယဉ်ကျေးမှု သံမှူး Mr. Pan Feng နှင့် တတိယအတွင်းဝန် Mr. Zhang Zhongming တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လုံခြုံရေးဆောင်ရွက်

မတ် ၁၁ ရက်က ဘဂ္ဂဒက်မြို့တွင် လုံခြုံရေး ဆောင်ရွက်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန်နှင့်အပေါင်းပါတပ်ဖွဲ့ဌာနချုပ်ဝင်းအနီးပေါက်ကွဲမှုများ ထပ်မံဖြစ်ပွား

ပြောက်ကျားများက ကန်အခြေစိုက်စခန်းများကို တိုးမြှင့်တိုက်ခိုက်လာ

ဘဂ္ဂဒက် မတ် ၁၁

သီတင်းပတ်ကုန်ပိုင်း၌ ဘဂ္ဂဒက်မြို့တွင် ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာနေရာအနီး အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဌာနချုပ်ရှိရာအပြင်ဘက်တွင် ပေါက်ကွဲသံခြောက်ခုကို ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက ကြားရကြောင်း အမေရိကန်စစ်ဘက် ပြောခွင့်ရှိသူက ပြောကြားသည်။ ပေါက်ကွဲရသည့်အကြောင်းကို အမေရိကန်တပ်ဖွဲ့က စုံစမ်းလျက်ရှိသည်ဟုဆိုသည်။

ဗုဒ္ဓဟူးနေ့ နံနက် ၆ နာရီ ၁၅ မိနစ်၌ စစ်ဆေးရေးစခန်းအနီးတွင် ပေါက်ကွဲမှုခြောက်ခါ ထပ်မံဖြစ်ပွားခဲ့ကြောင်းနှင့် စုံစမ်းနေကြောင်း၊ ထိခိုက်သေဆုံးမှု ရှိမရှိ မပြောနိုင်သေးကြောင်း ၎င်းက ပြောကြားသည်။

လုံခြုံရေးတင်းကြပ်

စစ်ဆေးရေးစခန်းသည် ဒုံးကျည်ငါးစင်းထက်မနည်း တနင်္ဂနွေနေ့က ထိမှန်ခံခဲ့ရသော အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဌာနချုပ်ဝင်း အတွင်းရှိ ဘဂ္ဂဒက်ဟိုတယ်သွားရာလမ်းပေါ်တွင်ရှိသည်။ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဌာနချုပ်ဝင်းကို ဒုံးကျည်ထိမှန်ရာတွင် လုံခြုံရေး ဝန်ထမ်းငါးဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြသည်။

အစိမ်းရောင်ဒေသဟုခေါ်သော အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဌာနချုပ်ဝင်းကို ပြည်သူလူထုကို အဝင်အထွက်ပိတ်ထားသည်။ မကြာမီရက်များအတွင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ အခြေစိုက်စခန်းများကို ပြောက်ကျားများက ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်လာလျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးကို အထူးတင်းကြပ်စွာဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

စစ်ပွဲစချိန်မှ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၅၅၄ဦးရှိပြီ

မတ် ၁၁ ရက်က ရာမာဒီမြို့ပေါ်တွင် အမေရိကန် ဘလက်ဟောခ့် စစ်ရဟတ်ယာဉ်တစ်စင်းနှင့် ကင်းလှည့်စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝါရှင်တန် မတ် ၁၂

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သော တပ်များက လွန်ခဲ့သည့်နှစ် မတ် ၂၀ ရက်၌ စတင်ကာစစ်ပွဲဆင်နွှဲခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် မတ်လ ၁၁ ရက် ကြာသပတေးနေ့ရောက် ချိန်တွင် ၅၅၄ ဦး ရှိသွားပြီဖြစ်သည်။

ယင်းအနက် ၃၈၀ မှာ တိုက်ပွဲဖြစ်ပွားမှုကြောင့် သေဆုံးခဲ့ကြရပြီး ၁၇၄ဦးမှာ တိုက်ပွဲကြောင့်မဟုတ်ဘဲ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု အမေရိကန် ကာကွယ်ရေးဌာနက ပြောကြားသည်။

မေ ၁ ရက်၌ စစ်ပွဲပြီးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်ဦးရေမှာ ၄၁၆ ဦး ဖြစ်သည်။

ယင်းအနက် ၂၆၅ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၁၅၁ ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်ဟု ဆိုသည်။ စစ်ပွဲစတင်သည်မှ တိုက်ပွဲ၌ ဒဏ်ရာရခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၂၇၇၇ ဦးဖြစ်ကာ တိုက်ပွဲ၌ မဟုတ်ဘဲ ဒဏ်ရာရသည့် ဦးရေမှာ ၄၂၄ ဦးဖြစ်သည်ဟု ကာကွယ်ရေး ဌာနက ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။ **(အင်တာနက်)**

ကုလအကဲဖြတ်အဖွဲ့ ဘာဆာရာသို့ ဒုတိယအကြိမ်ရောက်ရှိ

ဂျီနီဗာ မတ် ၁၁

လွန်ခဲ့သည့်ဩဂုတ်လတွင် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက်ပိုင်း နိုင်ငံတကာဆိုင်ရာအမှုထမ်းများကို ရုပ်သိမ်းခဲ့ချိန်မှစပြီး ကုလသမဂ္ဂပူးတွဲ အကဲဖြတ်အဖွဲ့သည် အီရတ်နိုင်ငံ ဘာဆာရာမြို့သို့ တနင်္ဂနွေနေ့က သွားရောက် ခဲ့ကြသည်ဟု ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုက ပြောကြားသည်။

ဒုတိယအကြိမ်

ယင်းသို့ရောက်ရှိခြင်းသည် အီရတ်တောင်ပိုင်းသို့ ကုလသမဂ္ဂနိုင်ငံတကာ ဆိုင်ရာ အမှုထမ်းများ ဒုတိယအကြိမ် ရောက်ရှိခြင်းဖြစ်သည်။ ယခုကဲ့သို့ ကုလသမဂ္ဂအကဲဖြတ်အဖွဲ့ ဘာဆာရာသို့ သွားရောက်ခြင်းသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ယာယီအထူးကိုယ်စားလှယ် ရော့ခ်မောင်းတိန်းက မေတ္တာ ရပ်ခံချက်အရဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များ အေဂျင်စီ(ယူအင်အိပ်ချ် စီအာ) ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အကဲဖြတ်မည်

ကူဝိတ်မှ ဖြတ်ကျော်ခဲ့ပြီးနောက် ကုလသမဂ္ဂအကဲဖြတ်အဖွဲ့သည် ဘာဆာရာ၌ တစ်နေ့တာနေထိုင်ပြီး လုံခြုံရေးနှင့် ဘက်စုံအခြေအနေကို အကဲဖြတ်ပြီး လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

အီရန်အပေါ်ချမှတ်သော နျူကလီးယားဆိုင်ရာဆုံးဖြတ်ချက် အမေရိကန်အနိုင်ကျင့်သည့်လုပ်ရပ်ဟု အီရန်သံအမတ်ပြောကြား

ဗီယင်နာ မတ် ၁၁

အီရန်နိုင်ငံအပေါ်ချမှတ်သော နျူကလီးယားဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းသည် အမေရိကန်အနိုင်ကျင့်သည့် လုပ်ရပ်ဖြစ်ပြီး ဥရောပ နိုင်ငံများက အမေရိကန်ကို ပိုရင်ဆိုင်နိုင်စွမ်းရှိသင့်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အီရန်သံအမတ်ကြီးက ဗီယင်နာ၌ ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အီရန်နိုင်ငံသည် နိုင်ငံတကာဆိုင်ရာ အဏုမြူစောင့်ကြည့်အဖွဲ့ကို အာခံလျှင် နိုင်ငံတကာဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)အဖွဲ့ဝင်များအတွင်း ဖြန့်ဝေထားသော ဆုံးဖြတ်ချက်က အီရန်နိုင်ငံကို အပြစ်ဒဏ်ပေးမည်ဟု အမေရိကန်ပြည်ထောင်စုက ပြောကြားခဲ့သည်။

ပိုမျှော်လင့်

ဥရောပသုံးနိုင်ငံက အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိတို့၏ ဥရောပလုပ်ဖော်ကိုင်ဖက်များထံမှ ပိုမျှော်လင့်ကြောင်း သံအမတ်ကြီး ပီရုဇ်ဟိုစ်စီနီက သတင်းထောက်များကို ပြောကြားသည်။

၎င်းက အမေရိကန်ပြည်ထောင်စုသည် အိုင်အေအီးအေအဖွဲ့နှင့် အနိုင်ကျင့်သည့်လုပ်ရပ်ဖြင့် ချဉ်းကပ်ဆွေးနွေးခဲ့ကြောင်း ပြောဆိုသည်။

တုံ့ပြန်

အီရန်နိုင်ငံ၏ ယူရေနီယံကြွယ်ဝရေး အစီအစဉ်နှင့် ဆက်နွှယ်သော အရာအားလုံးကို ရပ်ဆိုင်းမည်ဟု ကတိပေးခဲ့သည်ကို တုံ့ပြန်သောအားဖြင့် အီရန်၏ နျူကလီးယားအစီအစဉ်အပေါ် ဆုံးဖြတ်ချက် တစ်စုံတစ်ရာကို ဟန့်တားရန် မိမိတို့ကြိုးပမ်းမည်ဖြစ်ကြောင်း ဥရောပနိုင်ငံကြီးသုံးနိုင်ငံက လွန်ခဲ့သည့်လ၌ အီရန်နိုင်ငံကို ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အမြွှာခန္ဓာကိုယ် အောင်မြင်စွာခွဲစိတ်နိုင်

ဂူဟန် မတ် ၁၂

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်ရှိ ဆရာဝန်များသည် လေးရက်သားအရွယ် ယောကျ်ားလေးတစ်ဦး၏ ခန္ဓာကိုယ်၌ ရှားရှားပါးပါးပူးတွဲပါလာသော အမြွှာခန္ဓာကိုယ်အစိတ်အပိုင်းကို အောင်မြင်စွာ ဖယ်ရှားပေးနိုင်လိုက်ကြသည်ဟု ခွဲစိတ်ဆရာဝန်များက ပြောဆိုကြသည်။

ဖွံ့ဖြိုးမှုမရှိသော အဆိုပါအမြွှာခန္ဓာကိုယ်အစိတ်အပိုင်းပစ္စည်းသည် ချင်မော်မော်၏ ခန္ဓာကိုယ်၌ တင်ပါးမှ ရင်ဘတ်အထိ ပူးကပ်လျက်ရှိခဲ့ရာ ကလေးငယ်၏ အသက်ရှင်ရေးအတွက် အန္တရာယ်ရှိခြင်းကြောင့် ဖယ်ရှားပေးခဲ့ကြောင်း ခွဲစိတ်ဆရာဝန်များက ပြောကြားသည်။

အဆိုပါ အမြွှာခန္ဓာကိုယ် အစိတ်အပိုင်းပစ္စည်းသည် ချင်၏ခန္ဓာကိုယ်အရွယ်အစားထက် အနည်းငယ် သေးငယ်ပြီး ဦးခေါင်းနှင့် လက်များမပါရှိသော်လည်း ခြေထောက်များပါရှိကြောင်း ခွဲစိတ်ဆရာဝန်တစ်ဦးဖြစ်သူ ပါမောက္ခ ဂူအန်ကျင်လန်က ပြောကြားသည်။ ယခုကဲ့သို့ကြီးမားသော အမြွှာခန္ဓာကိုယ် အစိတ်အပိုင်းကို ခွဲစိတ်အောင်မြင်ခြင်းသည် တရုတ်နိုင်ငံ၌ ပထမဆုံးဖြစ်ကြောင်း၊ သို့ရာတွင် ကလေးငယ်ကို ကုသမှုထပ်မံပေးရန်လိုအပ်ကြောင်း သူမကပြောကြားသည်။ ချင်မော်မော်ကို မတ် ၅ ရက်၌ မွေးဖွား၍ မွေးဖွားပြီး ၁၀ နာရီ၌ ယူနီယံဆေးရုံသို့ပို့ချိန်တွင် ကလေးငယ်၏အခြေအနေမှာ စိုးရိမ်ရသည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဟာဘယ်လ်မှန်ပြောင်းမှ စုဆောင်းချက်များထုတ်ပြန်

ဝါရှင်တန် မတ် ၁၁

အာကာသအတွင်း လွှတ်တင်ထားသော ဟာဘယ်လ် အာကာသစူးစမ်းလေ့လာရေးမှန်ပြောင်းမှ စုဆောင်းရယူထားချက်ကို အာကာသ အဝေးကြည့် သိပ္ပံဌာနက ထုတ်ပြန်ပြသခဲ့သည်။ အဆိုပါထုတ်ပြန်ခဲ့သော ပုံများသည် စကြာဝဠာ၏ သက်တမ်းအစောဆုံးနှင့် အနက်ရှိုင်းဆုံးရုပ်ပုံများ ဖြစ်ဖွယ်ရှိသည်။ အာကာသအတွင်း ဟာဘယ်လ်မှန်ပြောင်းကို လွှတ်တင်ထားသည်မှာကြာမြင့်ပြီဖြစ်သည့်အလျောက် ၎င်းသည် ယခုစကြာဝဠာ၏ သက်တမ်း ၅ ရာခိုင်နှုန်းကာလက စတင်ခဲ့သော အလင်းတန်းများကိုပါ စုဆောင်းထားသည်။

ဟာဘယ်လ် မှန်ပြောင်း၌ နဂါးငွေ့တန်းပေါင်း တစ်သောင်းခန့်၏ ပုံများကို စုဆောင်းထားပြီး အချို့သည် ဆန်းကြယ်သော ပုံသဏ္ဌာန်များ ရှိသည်။ ကြယ်များ၏ ဖွဲ့စည်းမှုသည် ကမ္ဘာ့ဆွဲငင်အားကို တုံ့ပြန်ရာ၌ အဆိုပါ အသွင်ဆန်းများ ဖြစ်လာဖွယ်ရှိသည်ဟု သုတေသီများက ပြောကြားခဲ့ကြောင်း သိရသည်။ **(စီစီတီဗွီ)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်၌ တားမြစ်လက်နက်အထောက်အထား ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကန်တို့ကျူးကျော်ခဲ့ခြင်းသည် မှားယွင်းကြောင်း ဘလစ်ဇ်၏စာအုပ်၌ ဖော်ပြထား

ကုလသမဂ္ဂ မတ် ၁၁

ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးဟောင်း ဟန်းစ်ဘလစ်ဇ်က အီရတ်စစ်ပွဲနှင့်ပတ်သက်သည့် ၎င်း၏ ထင်မြင်ယူဆချက်များကို အီရတ်နိုင်ငံလက်နက်ဖျက်သိမ်းခြင်းအမည်ဖြင့် စာအုပ်ရေးသားပြီး အမေရိကန်နှင့် ဗြိတိန်နိုင်ငံ၌ ဖြန့်ချိလိုက်ပြီဖြစ်သည်။ အရေးကြီးသော အီရတ်စစ်ပွဲဖြစ်ပွားစဉ် အတောအတွင်း မိမိကိုသိက္ခာချရန် အမေရိကန်တို့က ကြိုးပမ်းခဲ့ကြောင်းလည်း ယင်းစာအုပ်ထဲ၌ ဘလစ်ဇ်က ရေးသားဖော်ပြထားသည်။ ထို့အပြင် အီရတ်နိုင်ငံတွင် အဖျက်စွမ်းအားကြီးမားသည့် တားမြစ်လက်နက်ရှိသည်ဆိုသည့် အထောက်အထား ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အီရတ်စစ်ပွဲကို ကျူးကျော်ဆင်နွှဲခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

၂၀၀၃ ခုနှစ် မတ်လမတိုင်မီ လက်နက်စစ်ဆေးရေးမှူးများက အီရတ်နိုင်ငံ၌ အင်တိုက်အားတိုက် တာဝန်ထမ်းဆောင်ခဲ့သော်လည်း အမေရိကန်တို့က ယင်းလက်နက်စစ်ဆေးရေးအဖွဲ့အစား ၎င်းတို့၏ ကျူးကျော်ရေးတပ်ဖွဲ့များနှင့် အစားထိုးရန် ဆုံးဖြတ်ခဲ့သည်မှာ ထင်ရှားကြောင်း ရေးသားထားသည်။ ထို့အပြင် ဆက်ဒမ်အစိုးအဖွဲ့အပေါ် ဘုရှ်နှင့် ဘလဲတို့က စစ်ရေးအရကျူးကျော်ခဲ့ခြင်းသည် လုံးဝ လွဲမှားကြောင်းလည်း ဘလစ်ဇ်က သရုပ်ဖော် ရေးသားထားသည်။

ဖော်ပြ

အီရတ်စစ်ပွဲမတိုင်မီ ဘလစ်ဇ်နှင့် တိုနီဘလဲတို့ တယ်လီဖုန်း ပြောကြားသည်များကို ပြန်သုံးသပ်ကြည့်ရာ၌လည်း အီရတ်နိုင်ငံတွင် အဖျက်စွမ်းအားကြီးမားသော လက်နက်ရှိနိုင်သော်လည်း အနည်းအကျဉ်းခန့်သာ ရှိနိုင်ကြောင်း၊ သို့ရာတွင် သက်သေအထောက်အထားခိုင်လုံရန်လိုကြောင်း ဘလစ်ဇ်က ပြောကြားခဲ့သော်လည်း ယင်းလက်နက်များရှိသည်မှာ သေချာကြောင်း၊ တိုနီဘလဲက တုံ့ပြန်ပြောကြားခဲ့သည်ဟု စာအုပ်၌ ရေးသားဖော်ပြထားသည်။

လက်ဦးမှုရယူ

စက်တင်ဘာ ၁၁ ရက်နောက်ပိုင်း လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုအသစ်များရှိလာသော်လည်း ကြိုတင်လက်ဦးမှုရယူပြီး စွဲချက်များတင်ကာ အီရတ်နိုင်ငံအပေါ် စစ်ပွဲဆင်တိုက်ခိုက်ရလောက်အောင် အခြေအနေမျိုးမရှိကြောင်း စာအုပ်နိဂုံးချုပ်၌ ဘလစ်ဇ်က ရေးသားဖော်ပြထားသည်။ **(စီအင်န်အင်န်)**

လျှို့ဝှက်သတင်းများပေးမှု ကန်အမျိုးသမီးတစ်ဦးအဖမ်းခံရ သတင်းပေး၍ ဒေါ်လာ ၁၀၀၀၀ ရရှိခဲ့ဟုဆို

နယူးယောက် မတ် ၁၁

အီရတ်ထောက်လှမ်းရေးအဖွဲ့များကို လျှို့ဝှက်သတင်းများပေးခဲ့သည်ဆိုသော စွပ်စွဲချက်များဖြင့် မေရီလင်းပြည်နယ်မှ အမျိုးသမီးတစ်ဦးကို မတ် ၁၁ ရက်က ဖမ်းဆီးလိုက်ကြောင်း ဗဟိုအစိုးရတရားရုံး ရှေ့နေများက ပြောကြားသည်။

ထို့ပြင် သူမသည် ယင်းသို့ လျှို့ဝှက်သတင်းများကို အီရတ်ထောက်လှမ်းရေးအဖွဲ့များအား ပေးသည့်အတွက် ဒေါ်လာ ၁၀၀၀၀ ရရှိခဲ့ကြောင်း ဗဟိုအစိုးရတရားရုံးရှေ့နေများက စွပ်စွဲပြောကြားသည်။

ဆူဆန်လင်းဒေါ်ဝါဆိုသူ အသက် ၄၁ နှစ်ရှိ အမျိုးသမီးအပေါ် တရားစွဲဆိုချက်များသည် အီရတ်သံတမန်ဟောင်း၏ သားနှစ်ဦးအပေါ်စွဲဆိုသည့်အမှု၌ ပါဝင်သည်။

စွပ်စွဲ

လွန်ခဲ့သည့်နှစ်က တရားရုံးသို့ အမှုတင်ခဲ့သော ၎င်းတို့အပေါ် စွဲဆိုချက်များသည် အီရတ် သံတမန်ဟောင်း၏ သားနှစ်ဦးဖြစ်သော ဝီဆမ်နိုမန်အယ်လ်အန်ဘူကီနှင့် ညီဖြစ်သူ ရာအက်ဒ်ရိုမန်အယ်လ်အဘူကီတို့အား အီရတ် ထောက်လှမ်းရေးအဖွဲ့များသို့ လျှို့ဝှက်သတင်းများ ပို့ပေးခဲ့ကြောင်း စွပ်စွဲထားသည်။

ထိုအမှုသည် အမေရိကန်ဦးဆောင်ပြီး အီရတ်ကို ကျူးကျော်တိုက်ခိုက်ကာ အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား ဖယ်ရှားခဲ့ခြင်းမပြုမီ ၁၉၉၁ ခုနှစ်၌ ဖြစ်ပွားခဲ့သော ပထမပင်လယ်ကွေ့စစ်ပွဲနှင့် ၂၀၀၂ ခုနှစ် မတ်လအတွင်း ဖြစ်ပွားခဲ့သော စစ်ပွဲကို အဓိကထား စွပ်စွဲခဲ့သည့်အမှု ဖြစ်သည်။

(အင်တာနက်)

မတ် ၁၁ ရက်က ဘဂ္ဂဒက်မြို့ပြင်တွင် စစ်ဆင်ရေးတစ်ရပ် ဆောင်ရွက်နေစဉ်အတွင်း လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှု ၂၀၀၄ခုနှစ် ဇန်နဝါရီလ၌ စံချိန်တင် မြင့်တက်ခဲ့

လန်ဒန် မတ် ၁၂

ဗြိတိန်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုသည် ဇန်နဝါရီလထဲ၌ စံချိန်တင် မြင့်မားခဲ့ပြီး လိုငွေပေါင် ၄ ဒသမ ၆ ဘီလီယံ (ဒေါ်လာ ၈ ဒသမ ၅၅ ဘီလီယံ) ပြခဲ့သည်ဟု အင်္ဂါနေ့က တရားဝင်ထုတ်ပြန်သော ကိန်းဂဏန်းများ၌ ဖော်ပြထားသည်။

ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု၌လိုငွေပြမှုသည် ဒီဇင်ဘာလထဲ၌ ပေါင် ၃ ဒသမ ၁ ဘီလီယံရှိခဲ့ကြောင်း၊ ယခု လိုငွေပြမှုသည် စူးစမ်းလေ့လာသူများ ကြိုတင်တွက်ဆထားခဲ့သော ပေါင် ၃ ဒသမ ၃ ဘီလီယံထက် များစွာမြင့်မားခဲ့ကြောင်း အမျိုးသားစာရင်းဇယားဌာန (အိုအင်အက်စ်)က ပြောကြားသည်။

ကွာဟ

အိုအင်အက်စ်က ဖော်ပြခဲ့သည့် ကိန်းဂဏန်းများတွင် ကုန်ပစ္စည်းတစ်မျိုးတည်း၌ပင် ကုန်သွယ်ရေးကွာဟမှုသည် ပေါင် ၅ ဒသမ ၆ ဘီလီယံထိ ရှိခဲ့သည်ဟု သိရသည်။

ပြီးခဲ့သည့်အပတ်၌ အင်္ဂလန်ဘဏ်က အတိုးနှုန်းကို ၄ ရာခိုင်နှုန်းအတိုင်းထားရန် ဆုံးဖြတ်ခဲ့သော်လည်း စူးစမ်းလေ့လာသူ အများအပြားက ယခုနှစ်ကုန်ပိုင်း၌ တက်လာဖွယ်ရှိကြောင်း ပြောဆိုကြသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နှင့်ပတ်သက်၍ အမေရိကန်သတင်းစာများ ရေးသားဖော်ပြချက် မေရီလင်းတက္ကသိုလ်လေ့လာချက်တစ်ရပ်၌ ဝေဖန်ရှုတ်ချထား

ဝါရှင်တန် မတ် ၁၂

အမေရိကန်သတင်းစာကြီးများသည် ၂၀၀၃ ခုနှစ်မတိုင်မီကနှင့် ၂၀၀၃ ခုနှစ်နောက်ပိုင်းတွင် အီရတ်၏ အဖျက်စွမ်းအားကြီးလက်နက်များနှင့် စပ်လျဉ်း၍ အတိအလင်းပြောဆိုချက်များကို စောကြောမေးမြန်းခြင်း မလုပ်နိုင်ခဲ့ကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့် မေရီလင်းတက္ကသိုလ်လေ့လာချက်တစ်ရပ်၌ ဝေဖန်ရှုတ်ချထားသည်။

မေရီလင်းတက္ကသိုလ်၊ နိုင်ငံတကာဆိုင်ရာနှင့် လုံခြုံရေးလေ့လာမှုဆိုင်ရာဌာန၏ လေ့လာချက်တွင် အီရတ်စစ်ပွဲနှင့် အကြမ်းဖက်မှုနှိမ်နင်းရေးစစ်ပွဲကို အမေရိကန်အစိုးရက ဆက်စပ်ရန်ကြိုးပမ်းသည်ကို သတင်းစာက လုံလောက်စွာ စောကြောနိုင်ခဲ့ခြင်းမရှိကြောင်း ကောက်ချက်ချ ရေးသားထားသည်။

အမေရိကန်လူထုဆက်သွယ်ရေးသည် မကြာခဏပင် အစိုးရ၏ စာဒကတက် ပြောဆိုမှုဖြစ်သော အီရတ်၏ ဓာတုနှင့် ဇီဝလက်နက်များ ခြိမ်းခြောက်မှုအနေအထားရှိကြောင်းကို သံယောင်လိုက် ပြောဆိုရေးသားခဲ့ကြသည်ဟု အစီရင်ခံစာ၌ ကောက်ချက်ချထားခဲ့သည်။

သတင်းစာဆရာ အများအပြားသည် တကယ်တမ်းအားဖြင့် လက်ရှိအစိုးရ၏ အာဘော်အတိုင်းလိုက်ကြသူများဖြစ်ကြကြောင်း၊ သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်က အကြမ်းဖက်မှု၊ အီရတ်စစ်ပွဲနှင့် အဖျက်စွမ်းအားကြီးလက်နက်များ ဆက်စပ်ခြင်းကို ခိုင်လုံမှုဖြစ်စေသည်ဟု မေရီလင်းတက္ကသိုလ် သတင်းစာပညာ ပါမောက္ခ ဆူဆန်မိုလာက ပြောကြားသည်။ မိုလာသည် ခရစ်ယာန် သိပ္ပံစောင့်ကြည့်မှု၊ လော့စ်အိန်ဂျလိစ်တိုင်းမ်၊ နယူးယောက်တိုင်းမ်၊ ဝါရှင်တန်ပို့စ်၊ နယူးဝိခ်နှင့် ယူအက်စ်နယူးစ်အပြင် ဝေါလ်ရီပို့တ်တို့၏ သတင်းဖော်ပြချက်များကို ဆန်းစစ်လေ့လာကာ အစီရင်ခံစာကို ရေးသားဖော်ပြခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ် လူမျိုးများ အရပ်ပိုရှည်ပြီး ပို၍ဝလာ

ပေကျင်း မတ် ၁၁

တရုတ်လူမျိုးများ အရပ်ပိုရှည်လာပြီး ပို၍ဝလာကြသည်ဟု ဗုဒ္ဓဟူးနေ့ထုတ် ချိုင်းနားဒေလီသတင်းစာ၌ ရေးသားဖော်ပြလိုက်သည်။

အသက် ခုနစ်နှစ်မှ ၁၈ နှစ်ကြားရှိ ယောကျ်ားလေးများ၏ ပျမ်းမျှအရပ်အမောင်းမှာ ၂၀၀၀ ပြည့်နှစ်ကစပြီး သုည ဒသမ ၄၈ စင်တီမီတာ ပိုမြင့်လာကြပြီး ကိုယ်အလေးချိန်မှာလည်း ၁ ဒသမ ၃၅ ကီလို ပိုလာကြသည်ဟု ပညာရေးဝန်ကြီးဌာန စူးစမ်းလေ့လာချက်ကို သတင်းစာက ကိုးကားဖော်ပြလိုက်သည်။

ထိုအတောအတွင်း အဆိုပါတူညီသော အသက်အရွယ်အုပ်စုအတွင်းရှိ မိန်းကလေးများ၏ ပျမ်းမျှအရပ်အမောင်းမှာ သုည ဒသမ ၃၈ စင်တီမီတာ ပိုရှည်လာကာ ကိုယ်အလေးချိန်လည်း ၁ ဒသမ ၀၃ ကီလို ပိုတိုးလာခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မတ် ၁၁ ရက် အီတလီနိုင်ငံ ဘာဒိုနက်ချားမြို့တွင် ကျင်းပသည့် ကမ္ဘာ့နှင်းလျှောစီးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အားကစားသမားများ အကြိတ်အနယ် ယှဉ်ပြိုင်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ

ကျူးကျော်စစ်ပွဲကြောင့် အဆောက်အအုံများပျက်စီးပြီး အပြစ်မဲ့အီရတ်ပြည်သူများ သေကျေကြရ

၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်မှစတင်၍ အီရတ်နိုင်ငံကို အဓမ္မကျူးကျော်စစ်ဆင်နွှဲခဲ့သည့် အမေရိကန်နှင့်အပေါင်းပါတပ်များက ကျူးကျော်စစ်ပွဲဆင်နွှဲခဲ့မှုကြောင့် အီရတ်တပ်မတော်ပြိုကွဲကာ တပ်မတော်ကင်းမဲ့သည့် နိုင်ငံဖြစ်ခဲ့ရသည်။ ကျူးကျော်စစ်ပွဲကြောင့် အပြစ်မဲ့အီရတ်ပြည်သူများ သေဆုံးခဲ့ကြရပြီး အဆောက်အအုံများစွာ ပြိုပျက်ခဲ့ရသည်ကို စုစည်းဖော်ပြအပ်ပါသည်။

အမေရိကန်တို့၏တိုက်ခိုက်မှု အပြစ်မဲ့အီရတ်ပြည်သူများသေကျေခဲ့ရ

အမေရိကန်နှင့်အပေါင်းပါတပ်များက အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ရာတွင် သေကျေခဲ့ရသည့် အီရတ်ပြည်သူများ၏ စာရင်းဇယားမှာ အောက်ပါအတိုင်းဖြစ်သည်။

ရက်စွဲ	နေရာ	သေဆုံးသူ အရေအတွက်
မတ်၂၀မှဧပြီ၃	မိုဟာမိဒီယာခရိုင်	၂၂
မတ်၂၀မှဧပြီ၃	နာဆီရီယာ	၂၄၀
မတ်၂၀မှဧပြီ၇	ဗဟိုဆေးရုံကြီးနှင့်ဘာဆာရာ	၂၀၁
၂၀-၃-၂၀၀၃	ရွတ်ဘာ	၁
၂၂-၃-၂၀၀၃	တီကရစ်	၅
၂၂-၃-၂၀၀၃	ဘဂ္ဂဒက်	၃
၂၆-၃-၂၀၀၃	ဘဂ္ဂဒက်	၂၁
၂၇-၃-၂၀၀၃	မိုဆူးလ်	၅၀
မတ် ၂၇မှ ဧပြီ ၁၂	ဟီလာဒေသဝန်းကျင်	၂၀၁
၂၈-၃-၂၀၀၃	မစ်ဆန်	၂
၂၈-၃-၂၀၀၃	ဝါဆက်	၂
၂၈-၃-၂၀၀၃	ဘာဘယ်	၂၆
၂၈-၃-၂၀၀၃	ကာဘာလာ	၁၁
၂၈-၃-၂၀၀၃	ဘဂ္ဂဒက်	၇
၂၈-၃-၂၀၀၃	ဘဂ္ဂဒက်	၆၂
၂၉-၃-၂၀၀၃	နာဂျက်ဖ်	၃၅
၂၉-၃-၂၀၀၃	ကာဘာလာ	၆
၂၉-၃-၂၀၀၃	ဘာဘယ်	၃
၂၉-၃-၂၀၀၃	အင်ဘာ	၂၈
၂၉-၃-၂၀၀၃	ဘဂ္ဂဒက်	၆
၃၀-၃-၂၀၀၃	ဘဂ္ဂဒက်	၆
၃၁-၃-၂၀၀၃	ဘဂ္ဂဒက်	၆
၃၁-၃-၂၀၀၃	ဟီလာမြို့အနီး	၁၅
၁-၄-၂၀၀၃	ဘဂ္ဂဒက်	၂၄
၁-၄-၂၀၀၃	ဘောဘီလုံပြည်နယ်	၃၃
၃-၄-၂၀၀၃	ဘဂ္ဂဒက်	၂၇
၅-၄-၂၀၀၃	ရာရှိဒီယား	၉၉
၈-၄-၂၀၀၃	အယ်ဂျာဇီရာရုံး	၁
၉-၄-၂၀၀၃	ဖတ်လီယာ	၄
ဧပြီ ၁၁ ရက်မှ ၂၂ရက်အထိ	ဘဂ္ဂဒက်မိုင်၁၀၀၀န်းကျင်	၁၈
၂၃-၉-၂၀၀၃	အယ်ဂီဆာရှာ	၃
၂၉-၉-၂၀၀၃	ခါဟာဒီရပ်	၁
၅-၁-၂၀၀၄	တီကရစ်	၂
၆-၁-၂၀၀၄	ဖော်လူဂျာ	၂
၇-၁-၂၀၀၄	ဘဂ္ဂဒက်	၁
၁၄-၁-၂၀၀၄	ဘာကူဘာ	၂
၁၆-၁-၂၀၀၄	ဆာမာရာ	၈
၂၉-၂-၂၀၀၄	ဘဂ္ဂဒက်	၂
၂-၃-၂၀၀၄	ဆာမာဝါ	၁
	စုစုပေါင်း	၁၁၈၇

ဖေဖော်ဝါရီ ၁၄ ရက်က ဆူဝါရာမြို့၌ အမေရိကန်တို့၏ ဒုံးကျည် ထိမှန်မှုကြောင့် အီရတ်တို့၏ အဆောက်အအုံတစ်ခု ဤသို့ ပြိုကျပျက်စီးခဲ့ရသည်။

(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၂ရက်က ဆာမာရာ မြို့၌ အမေရိကန်တို့ ပစ်ခတ်သည့် ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးခဲ့ရသော နေအိမ်ကို အီရတ်ညီအစ်မနှစ်ဦးက ပြသနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဖေဖော်ဝါရီ ၁၈ ရက်က ဟီလာမြို့၌ အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်အပျက်အစီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၆ရက်က ဖော်လူဂျာမြို့၌ အမေရိကန်တို့၏ ပစ်ခတ်မှုကြောင့် ပျက်စီးသွားသောနေအိမ်ကို အီရတ်လူငယ်များက ကြည့်ရှုနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြသ

ဖေဖော်ဝါရီ ၁၆ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်တို့၏ မဆင်မခြင် ပစ်ခတ်မှုကြောင့် ပျက်စီးနေသော နေအိမ်ကို အီရတ် တစ်ဦးက ပြသနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အသစ်ဖောက်လုပ်နေသော ဆိုက်ခေါင်-နမ့်စန် ရထားလမ်းပိုင်းမှ ပြင်သာယာ-ထီရီ လမ်းပိုင်းကို ရှမ်းတောင်တန်းကြီးနောက်ခံဖြင့် ဤသို့တွေ့ရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဆိုက်ခေါင်-နမ့်စန် ရထားလမ်းပိုင်း၌ မကြာမီဖွင့်လှစ်မည့် ပြင်သာယာ-ထီရီလမ်းပိုင်းတွင် ရထားလမ်းနှင့် ဘူတာရုံကို ဤသို့ တွေ့ရသည်။

နိုင်ငံတစ်ဝန်းဖောက်လုပ်ခဲ့သောရထားလမ်းများ

စဉ်	အကြောင်းအရာ	၁၉၈၈	(တိုးချဲ့ လမ်းသစ်)	၂၀၀၄
၁။	ရထားလမ်းခရီးမိုင်အရှည်	၁၉၇၆	၁၀၂၂	၂၉၉၈
၂။	သံလမ်းမိုင်	၂၇၉၃	၁၁၁၃	၃၉၀၇
၃။	ဖောက်လုပ်ဆဲရထားလမ်းမိုင်			၁၄၅
၄။	ဆောင်ရွက်ဆဲရထားလမ်းမိုင်			၅၁၅

တပ်မတော်သားများ၏ လုပ်အားဖြင့် ဖောက်လုပ်ခဲ့သော ဘုတလင်-ရေဦး-ခင်ဦး ရထားလမ်းပိုင်းသစ်ကို တိုင်းရင်းသား ပြည်သူများနှင့်အတူ ဤသို့အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ငွေ၊ လုံ့လ ဝီရိယရှိသည့် တပ်မတော် ဖြစ်သည်။

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်မတော်သားများ ဆိုက်ခေါင်-နမ့်စန် ရထားလမ်း အမြန်ဖွင့်လှစ်နိုင်ရေးအတွက် ထီရီ-ထီထဲထိုး အပိုင်း တွင် ရထားသံလမ်းကျောက်ဖြည့်ခင်းခြင်းလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နေကြစဉ်။

တပ်မတော်သားများ၏ လုပ်အားဖြင့် ဖောက်လုပ်ခဲ့သော နိုင်ငံတစ်ဝန်းဖောက်လုပ်ပြီးရထားလမ်းများ

စဉ်	နိုင်ငံအပိုင်း	မီးရထားလမ်းအမည်	ရထား လမ်းမိုင်
၁။	အနောက်မြောက်ခြမ်း	ချောင်းဦး-ပခုက္ကူ	၂၇၇.၃၄
၂။	အရှေ့ဘက်ခြမ်း	ရွှေညောင်-ရပ်စောက်	၃၇.၅၀
၃။	အရှေ့ဘက်ခြမ်း	အောင်ပန်း-လွိုင်ကော်	၁၀၁.၉၂
၄။	အရှေ့ဘက်ခြမ်း	ရွှေညောင်-နန့်စန်	၁၆၅
၅။	တောင်ဘက်ခြမ်း	ရေး-ထားဝယ်	၁၀၁.၄၇
၆။	အလယ်ပိုင်း	ပြည်-အောင်လံ-တောင်တွင်းကြီး	၉၀.၃၅

ပြည်သူတို့နှင့်လက်တွဲဆောင်ရွက်နေသည့် တပ်မတော်

(၅၉) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။ မြန်မာ့လွတ်လပ်ရေးကိုကား အလွယ်တကူရရှိခဲ့ခြင်း မဟုတ်ချေ။ မျိုးချစ်တိုင်းရင်းသားပြည်သူတို့နှင့်အတူ ပြည်သူ့ရင်သွေး သားသမီးများပါဝင်သော တပ်မတော်တို့လက်တွဲ၍ အသက်သွေးချွေး မြောက်မြားစွာ ရင်းနှီးရယူခဲ့ရခြင်းဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို ပြန်ကြည့်လျှင် တပ်မတော်၏ အရေးပါမှုကို ထင်ရှားစွာတွေ့မြင်ရမည်ဖြစ်သည်။ **တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော တပ်မတော်၊ ငွေကြေးနှင့်အခွင့်အရေး အကျိုးအမြတ်ခံစားမှုအတွက်မဟုတ်ဘဲ အသက်ကိုပင် ပေးဆပ်မည်ဟူသော ခံယူချက်ဖြင့်ဖွဲ့စည်းထားသော တပ်မတော်၊ လွတ်လပ်ရေးကို မဖြစ်မနေ ရယူနိုင်ရမည်ဟူသော ယုံကြည်ချက်ဖြင့်ဖွဲ့စည်းထားသော တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် ရှေ့တန်းစစ်မျက်နှာမှ စွမ်းစွမ်းတမံပါဝင်ခဲ့သည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးအောင်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် မြန်မာ့လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရာတွင်လည်း တပ်မတော်ကဏ္ဍ၏ အရေးပါမှုကိုမြန်မာ့သမိုင်းဖြစ်စဉ်များတွင် လေ့လာတွေ့ရှိရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက် လများမကြာမီပင် မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးရမည့်အရေးနှင့် ပထမဦးဆုံးကြုံတွေ့ခဲ့ရသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် အာဏာရ ဖဆပလအစိုးရအတွင်း အကွဲအပြဲများ ဖြစ်ခဲ့သည်။ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဗကပတို့ တောခိုသွားခဲ့သည်။ ထိုနှစ် ဇူလိုင်လတွင် ရဲဘော်ဖြူများ တောခိုကြပြန်သည်။ ကေအန်ဒီအိုတို့သည်လည်း ၁၉၄၉ခုနှစ် နှစ်ဦးပိုင်းတွင် လက်နက်ကိုင် ဆူပူသောင်းကျန်းခဲ့ကြသည်။

နတ်တလင်းမြို့အနီး ဖိုးသာအောင် ခုံးတံတားတိုက်ပွဲတွင် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ စွန့်စွန့်စားစားတိုက်ခိုက်ခဲ့သဖြင့် အောင်ဆန်းသူရိယဘွဲ့တံဆိပ် ချီးမြှင့်ခံခဲ့ရသည့် ဗိုလ်မှူးအေးချို။

စွမ်းရည်ထက်မြက်သည့်တပ်မတော်၏သမိုင်းအစဉ်အလာ

မြင့်သူရိန်

သောင်းကျန်းသူများသည် မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ် စသည်ဖြင့် တစ်နိုင်ငံလုံးနီးပါး ပျံ့နှံ့ပုန်ကန်ခဲ့ကြသည်။

ထို့ကြောင့် ကြည်း၊ ရေ၊ လေ စစ်သည်များပါဝင်သော မြန်မာ့တပ်မတော်သည် တိုင်းရင်းသား ပြည်သူတို့နှင့်လက်တွဲ၍ သောင်းကျန်းသူများကို ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည်။

၁၉၄၈ခုနှစ် မတ်လကုန်တွင် တောခိုသွားသော ဗကပတို့နှင့် ၎င်းနှစ် ဇူလိုင်လတွင် တောခိုခဲ့သော ရဲဘော်ဖြူတို့သည် မြေလတ်ဒေသတွင်ပေါင်းမိကြပြီး ရန်ကုန်မြို့ကိုသိမ်းပိုက်ရန်အထိ ကြံစည်ခဲ့ကြသည်။

၁၉၄၈ခုနှစ် နှစ်လယ်ပိုင်းတွင် သောင်းကျန်းသူတို့သည် မြေလတ်ပိုင်း မတ္တရာ၊မြင်းခြံ၊ ပခုက္ကူ၊ ချောက်၊ ရေနံချောင်း၊ မင်းဘူး၊ မကွေးဝန်းကျင်တစ်ဝိုက်တွင် ဆူပူသောင်းကျန်းခဲ့ရာမှ ရန်ကုန်မြို့ဆီသို့ ပြည်–ရန်ကုန်ကားလမ်းအတိုင်း စုန်ဆင်းလာခဲ့ကြသည်။ ထိုနှစ် ဩဂုတ်လ တတိယပတ်တွင် သောင်းကျန်းသူတို့သည် နတ်တလင်းမြို့အနီးသို့ ရောက်ရှိလာကြပြီး တပ်မတော်နှင့် အပြင်းအထန် ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

ထင်ရှားသော တိုက်ပွဲတစ်ခုမှာ နတ်တလင်းမြို့အနီး ဖိုးသာအောင် ခုံးတံတားတိုက်ပွဲဖြစ်သည်။

၁၉၄၈ခုနှစ် ဩဂုတ်လ၁၉ ရက် ည ၇ နာရီခန့်တွင် ဖြစ်သည်။ နတ်တလင်းမြို့တွင် တပ်စွဲထားသော တပ်ရင်းမှူး ဗိုလ်မှူးအေးချို ဦးစီးသည့် မြန်မာ့တပ်မတော်သည် အင်အားအဆမတန်များပြားသော သောင်းကျန်းသူများကို ဖိုးသာအောင် ခုံးတံတားမှနေ၍ ရှပ်ရှပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့သည်။ တပ်မတော်၏ တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ကို ပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ စွန့်စားတိုက်ခိုက်မှုကြောင့် သောင်းကျန်းသူများ ဆက်လက်မချီတက်နိုင်တော့ဘဲ ပြန်လည်ဆုတ်သွားခဲ့ရသည်။ ထိုတိုက်ပွဲတွင် ဗိုလ်မှူးအေးချိုသည် ပြင်းထန်စွာဒဏ်ရာရပြီး ဩဂုတ်လ ၂၁ရက်တွင် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့သည်။ ဗိုလ်မှူးအေးချို၏ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကို ပဓာနမထားဘဲ ထူးကဲမြင့်မားသော ရဲစွမ်းသတ္တိ၊ကြံ့ခိုင်သောစိတ်ဓာတ်တို့ဖြင့် တိုက်ပွဲဝင်ခဲ့သောကြောင့် နိုင်ငံတော်၏ ရဲစွမ်းသတ္တိဆိုင်ရာအမြင့်ဆုံးဘွဲ့တံဆိပ်ဖြစ်သည့် **အောင်ဆန်းသူရိယဘွဲ့** တံဆိပ်ကို ပထမဦးဆုံး ချီးမြှင့်ခံခဲ့ရသည်။

၁၉၄၉ ခုနှစ် နှစ်ဦးတွင် သောင်းကျန်းသူများသည် အင်းစိန်တစ်ဝိုက်တွင် အခိုင်အမာခြေကုပ်ယူကာ ရန်ကုန်မြို့ကို သိမ်းပိုက်ရန် ခြိမ်းခြောက် လာခဲ့သည်။ ၁၉၄၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှ စတင်၍ အင်းစိန်စစ်မျက်နှာတွင် တပ်မတော်နှင့် သောင်းကျန်းသူတို့ အကြိမ်များစွာ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ တပ်မတော်(ရေ)ကလည်း အင်းလျားကန်စောင်းပေါ်မှ အမြောက်များဖြင့် စစ်ကူပစ်ခတ်တိုက်ခိုက်ခဲ့သည်။

၁၉၄၉ ခုနှစ် မတ်လနှင့် ဧပြီလများတွင် အပြင်းထန်ဆုံးဖြစ်ပွားခဲ့သည့် အင်းစိန်တိုက်ပွဲ၌ အရေးပါခဲ့သည့် ရှားမင်းတင့်ကား။

အင်းစိန်တိုက်ပွဲဆင်နွှဲနေစဉ်အတွင်း တပ်မတော်(လေ)ကလည်း စစ်ကူများပေးခဲ့သည်။

အင်းစိန်တိုက်ပွဲကို ဆင်နွှဲရာတွင် ကြည်း၊ရေ၊လေ တပ်မတော်စစ်သည်များ၏ ပူးပေါင်းပါဝင် ဆင်နွှဲမှုသာမက တိုင်းရင်းသားပြည်သူများကလည်း စွမ်းစွမ်းတမံ ပူးပေါင်းပါဝင်ခဲ့ကြသည်။ ရှေ့တန်းစစ်မျက်နှာတွင် တပ်မတော်စစ်သည်များ တိုက်ပွဲဝင်နေချိန်၌ နောက်တန်းမှ အိမ်ထောင်သည် အမျိုးသမီးများ၊ အသင်းအဖွဲ့များ၊ ပြည်သူများ၊ အနုပညာရှင်များကလည်း ထမင်းထုပ်များ၊ လက်ဖက်ရည်များနှင့် အခြားစားသောက်ဖွယ်ရာများကို တိုက်ပွဲဝင် စစ်သည်များအတွက် မကြောက်မရွံ့ စွန့်စွန့်စားစား သွားရောက်ပေးပို့ကူညီခဲ့ကြသည်။

အင်းစိန်စစ်မျက်နှာမှ ထင်ရှားသော တိုက်ပွဲတစ်ခုမှာ ဦးစက္ကိန်ကျောင်း အနီး တိုက်ပွဲဖြစ်သည်။ ဦးစက္ကိန်ကျောင်း တည်နေပုံမှာ စနစ်တကျ တည်ဆောက်ထားသော ခံတပ်နှင့်တူသည်။ ကျောင်းသည် တောင်ကုန်းမြင့်ပေါ်တွင် ရှိသည်။ ၎င်းကျောင်း ပတ်ပတ်လည်တွင် ကျောင်းတိုက်များရှိသည်။ ၎င်းကုန်းမြင့်ပေါ်ရှိ ကျောင်းတိုက်များတွင် သောင်းကျန်းသူတို့တပ်စွဲထားသည်။ ကျောင်းတိုက်များအတွင်း၌ သောင်းကျန်းသူများက မြန်မာ့တပ်မတော်ကို အပေါ်စီးမှ ပစ်သည်။ ၎င်းကို ဗိုလ်တိုက်ချွန်းနှင့် စစ်သည်လေးဦးတို့က ၁၉၄၉ခုနှစ် ဧပြီလ ၁၆ ရက်တွင် ကျောင်းတိုက်များအတွင်း ချင်းနင်းဝင်ရောက် တိုက်ခိုက်ရာ သောင်းကျန်းသူအများအပြား ကျဆုံးခဲ့ရသည်။ ဤနေရာတွင် ဗိုလ်တိုက်ချွန်း၏ စံထားလောက်သော ရဲစွမ်းသတ္တိ၊ ဂုဏ်ယူလောက်သည့် စွန့်စားမှုတို့ကြောင့် နိုင်ငံတော်က ဗိုလ်တိုက်ချွန်းအား **အောင်ဆန်းသူရိယဘွဲ့** တံဆိပ်ကို ချီးမြှင့်ခဲ့သည်။

ခေတ်အဆ

အင်းစိန်တိုက်ပွဲသည် ၁၉၄၉ ခုနှစ် မတ်လနှင့်ဧပြီလများတွင် အပြင်းထန်ဆုံးဟု ဆိုရမည် ဖြစ်သည်။ တပ်မတော်(ကြည်း)က အင်းစိန်မြို့ကို သောင်းကျန်းသူများလက်မှ ပြန်လည်ရရှိရေး စွန့်စွန့်စားစား တိုက်ခိုက်နေသကဲ့သို့ တပ်မတော်(လေ)ကလည်း ဗုံးကြဲတိုက်ခိုက်ပြီး စစ်ကူပေးခဲ့သည်။ တပ်မတော်(ရေ)မှ စစ်ရေယာဉ် မေယုနှင့် ဆင်မင်းတို့ကလည်း မြစ်ဘက်ဆီမှနေ၍ အမြောက်များဖြင့် ပစ်ကူပေးခဲ့သည်။ ထိုသို့ တပ်မတော်(ကြည်း၊ရေ၊လေ)တို့ ပူးပေါင်းပါဝင်သော မြန်မာ့တပ်မတော် စစ်သည်များ၏ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်ကြိုးပမ်းခဲ့သောကြောင့် ၁၉၄၉ ခုနှစ် မေလ ၂၂ရက်နေ့တွင် အင်းစိန်မြို့ကို တပ်မတော်က အပြီးအပိုင် သိမ်းပိုက်နိုင်ခဲ့သည်။

၁၉၄၉ခုနှစ် ဧပြီလအတွင်းက အင်းစိန်စစ်မျက်နှာ ဦးစက္ကိန်ကျောင်း တ…
သားများက သောင်းကျန်းသူများကို ဤသို့ တိုက်ခိုက်ချေမှုန်းခဲ့ကြသ…

ထိုသို့ အင်းစိန်တိုက်ပွဲဆင်နွှဲနေချိန်၌ ပဲခူး၊ ဒိုက်ဦးနှင့် သာယာဝတီ စစ်မျက်နှာများတွင်လည်း တပ်မတော်သည် သောင်းကျန်းသူများကို ရင်ဆိုင်နှိမ်နင်းလျက်ရှိသည်။ ဒိုက်ဦးစစ်မျက်နှာရှိ တိုက်ပွဲဖြစ်စဉ်တစ်ခုတွင် တပ်မတော်၏ နောက်တန်းဌာနချုပ်ကို သောင်းကျန်းသူများ၏ ဝိုင်းရံခြင်းကိုခံခဲ့ရသည်။ ထိုစဉ် တပ်သားလှသောင်းသည် ရန်သူအများအပြားသေဆုံးအောင် ရှပ်ရှပ်ချွံချွံ တိုက်ခိုက်နိုင်သကဲ့သို့ မိမိဘက်မှ တပ်ဖွဲ့ဝင်များ အထိအခိုက်မရှိ ထွက်ခွာနိုင်အောင် ဘရင်းသေနတ်ဖြင့် နောက်ချန်ကာ ရန်သူကို ကာပစ်ပေးခဲ့ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပေးလှူသွားခဲ့သည်။ ထို့ကြောင့် ရဲဘော်လှသောင်းသည် နိုင်ငံတော်၏ အမြင့်ဆုံးစွမ်းရည်သတ္တိ ဘွဲ့တံဆိပ်ဖြစ်သော **အောင်ဆန်းသူရိယဘွဲ့** တံဆိပ်ကို ချီးမြှင့်ခံခဲ့ရသည်။

တပ်မတော်သည် ပြည်တွင်းဆူပူသောင်းကျန်းမှုများကို ဖိုးသာအောင် ခုံးတံတား၊ ဝက်ကော်တံတား၊ ပဲခူးဘုရားကြီး၊ အင်းစိန်၊

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်



အင်းစိန်တိုက်ပွဲတွင် တပ်မတော် (ရေ)မှ အမြောက်များဖြင့် ဤသို့ ပစ်ကူပေးခဲ့သည်။

...း **အောင်ဆန်းသူရိယဘွဲ့** တံဆိပ်ကို

...၄၉ ခုနှစ် မတ်လနှင့်ဧပြီလများတွင် ...သည်။ တပ်မတော်(ကြည်း)က အင်းစိန် ...မှ ပြန်လည်ရရှိရေး စွန့်စွန့်စားစား ...တ်(လေ)ကလည်း ဗုံးကြဲတိုက်ခိုက်ပြီး ...ရေ)မှ စစ်ရေယာဉ် မေယုနှင့် ဆင်မင်း ... အမြောက်များဖြင့် ပစ်ကူပေးခဲ့သည်။ ...လေ)တို့ ပူးပေါင်းပါဝင်သော မြန်မာ့ ...င်းပြည်နှင့်လူမျိုးအတွက် အသက်စွန့် ...နှစ် မေလ ၂၂ရက်နေ့တွင် အင်းစိန်မြို့

သာစည် စသည့်နေရာများတွင် အောင်မြင်စွာတိုက်ခိုက်ခဲ့ပြီးနောက် ၁၉၄၉ ခုနှစ် မေလ ၁၃ရက်နေ့တွင် ကြို့ပင်ကောက်မြို့၊ မေလ ၁၄ရက်နေ့တွင် ဇီးကုန်းနှင့် နတ်တလင်းမြို့များ၊ မေလ ၂၂ ရက်နေ့တွင် ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း နှင့် တံတားဦးမြို့များ၊ ဇွန်လ ၁၂ ရက်နေ့တွင် ကျောက်ဆည်၊ ညောင်ဦး၊ ချောက်နှင့် ရေနံချောင်းမြို့များ၊ ဇွန်လ ၂၅ ရက်နေ့တွင် သထုံမြို့၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် သာယာဝတီမြို့၊ ဇူလိုင်လ ၂၄ရက် နေ့တွင် မြင်းခြံမြို့၊ စက်တင်ဘာလ ၁ရက်နေ့တွင် လားရှိုးမြို့၊ နိုဝင်ဘာလ ၂၁ရက်နေ့တွင် တောင်ကြီးမြို့၊ ဒီဇင်ဘာလတွင် ထုံကြီးရွာတို့ကို ပြန်လည်သိမ်းပိုက်ပြီးနောက် ရန်ကုန်–ပဲခူး မီးရထားလမ်းကို ဖွင့်လှစ်ပေးခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသော မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးရပြီးသည့် နောက်တွင်လည်း ဖော်ပြပါ တိုက်ပွဲများဆင်နွှဲ၍ လွတ်လပ်ရေးကို ကာကွယ် စောင့်ရှောက်ခဲ့သည်။ နိုင်ငံတစ်နိုင်ငံတွင် တပ်မတော်၏ အရေးပါမှုကို သက်သေပြလိုက်ခြင်း ဖြစ်သည်။

ဤနေရာတွင် တပ်မတော်၏ မျိုးချစ်စိတ်ဓာတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ကိုယ်ကျိုးစွန့်မှု တို့ကို တွေ့ရှိရမည်ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းရာတွင် တပ်မတော်(ရေ)၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှုများသည်လည်း ထင်ရှားခဲ့သည်။ တပ်မတော်(ကြည်း) က ဆင်နွှဲသော အင်းစိန် စစ်မျက်နှာ တိုက်ပွဲများတွင် တပ်မတော်(ရေ)၏ စစ်ရေယာဉ် မေယုနှင့် ဆင်မင်း

...က အင်းစိန်စစ်မျက်နှာ ဦးစက္ကိန်ကျောင်း တိုက်ပွဲတွင် မြန်မာ့တပ်မတော် ...များကို ဤသို့ တိုက်ခိုက်ချေမှုန်းခဲ့ကြသည်။

... သိမ်းပိုက်နိုင်ခဲ့သည်။

...နေချိန်၌ ပဲခူး၊ ဒိုက်ဦးနှင့် သာယာဝတီ ...မတော်သည် သောင်းကျန်းသူများကို ...ဦးစစ်မျက်နှာရှိ တိုက်ပွဲဖြစ်စဉ်တစ်ခုတွင် ...ချုပ်ကို သောင်းကျန်းသူများ၏ ဝိုင်းရံ ...းလုသောင်းသည် ရန်သူအများအပြား ...က်နိုင်သကဲ့သို့ မိမိဘက်မှ တပ်ဖွဲ့ဝင်များ ...င် ဘရင်းသေနတ်ဖြင့် နောက်ချန်ကာ ...ပြည်နှင့်လူမျိုးအတွက် အသက်ပေးလှူ ...သောင်းသည် နိုင်ငံတော်၏ အမြင့်ဆုံး ...ာ **အောင်ဆန်းသူရိယဘွဲ့** တံဆိပ်ကို

...င်းဆူပူသောင်းကျန်းမှုများကို ဖိုးသာ ...တံတား၊ ပဲခူးဘုရားကြီး၊ အင်းစိန်၊

တိုက်ရေယာဉ်တို့က အမြောက်များဖြင့် ပစ်ကူပေးခဲ့သည့်အပြင် မြစ်ဝကျွန်းပေါ်ဘက်မှ သောင်းကျန်းမှုများကိုလည်း တပ်မတော်(ရေ)က ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ရှင်းလင်းခဲ့သည်။

၁၉၄၉ခုနှစ် နှစ်ဆန်းတွင် ပုသိမ်မြို့၌ အခိုင်အမာတပ်စွဲထားသော သောင်းကျန်းသူများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ် မေယုနှင့် အင်းမ၊ တိုက်ရေယာဉ် ၁၂၉၉၊ ၁၃၆၉နှင့် ၁၄၇၈ တို့က ဝိုင်းရံတိုက်ခိုက်ပြီး ပုသိမ်မြို့ကို ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ ၁၉၄၉ ခုနှစ် ဧပြီလ ၂၅ ရက်တွင်လည်း သောင်းကျန်းသူများ အဝိုင်းခံနေရသော မအူပင်မြို့ရှိ တပ်မတော်စစ်သည်များထံ ရိက္ခာနှင့် လက်နက်ခဲယမ်းများပို့ရန်သွားသည့် စစ်ရေယာဉ် ရွှေပုစွန်နှင့် တိုက်ရေယာဉ် ၁၄၅၆ တို့ကို သောင်းကျန်းသူများက လက်နက်မျိုးစုံဖြင့် ဆီးကြို တိုက်ခိုက်ကြသည်။ ယင်းတိုက်ပွဲတွင် ရွှေပုစွန်ရေယာဉ်မှူး ဗိုလ်ကြီး ထွန်းတင်သည် မျက်နှာ၌ ဒဏ်ရာ ပြင်းထန်စွာရနေသော်လည်း ရန်သူများကို ရှုပ်ရှုပ်ချွံချွံ ခုခံ

တိုက်ခိုက်ခဲ့သည်။ ထို့နောက် ရိက္ခာနှင့် လက်နက်ခဲယမ်းများ တင်ဆောင်လာသော ရေယာဉ်များကို လွတ်မြောက်အောင် စွမ်းဆောင်အောင်ပန်း ဆင်နိုင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်က ဗိုလ်ကြီးထွန်းတင်အား **သီဟသူရဘွဲ့** တံဆိပ်၊ ဗိုလ်ခင်အောင်ဒင်နှင့် တပ်ကြပ်ခင်မောင်ကြီးတို့အား **သူရဘွဲ့** တံဆိပ်များ အသီးသီးချီးမြှင့်ခဲ့သည်။

ဤနေရာတွင် တပ်မတော်၏အစဉ်အလာကောင်းများဖြစ်သည့် တစ်ဦးချင်းအကျိုးကို ပဓာနမထားဘဲ အများအကျိုးကို ရှုပ်ရှုပ်ချွံချွံ ထမ်းရွက်ခြင်း၊ စွန့်လွှတ်စွန့်စားခဲ့ခြင်း၊ အခက်အခဲကိုရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိတို့ဖြင့် ပြည့်စုံခဲ့ခြင်းကြောင့် တပ်မတော်(ရေ)က ဤသို့အောင်ပန်းဆင်နိုင်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်စစ်သည်များသည်လည်း နိုင်ငံတော်ကချီးမြှင့်သည့် ဘွဲ့တံဆိပ်များကို ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို ပြန်ကြည့်လျှင် တပ်မတော်၏ အရေးပါမှုကို ထင်ရှားစွာတွေ့မြင်ရမည်ဖြစ်သည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော တပ်မတော်၊ ငွေကြေးနှင့်အခွင့်အရေး အကျိုးအမြတ်ခံစားမှုအတွက်မဟုတ်ဘဲ အသက်ကိုပင် ပေးဆပ်မည် ဟူသော ခံယူချက်ဖြင့်ဖွဲ့စည်းထားသော တပ်မတော်၊ လွတ်လပ်ရေးကို မဖြစ်မနေ ရယူနိုင်ရမည်ဟူသော ယုံကြည်ချက်ဖြင့်ဖွဲ့စည်းထားသော တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် ရှေ့တန်းစစ်မျက်နှာမှ စွမ်းစွမ်းတမံပါဝင်ခဲ့သည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေး အောင်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးကို ပထမအကြိမ် ကာကွယ်ထိန်းသိမ်းခဲ့ရသည့် ဖြစ်စဉ်များတွင် တပ်မတော်(လေ)၏ စွမ်းစွမ်းတမံ ပါဝင်ခဲ့မှုများသည် မြေပြင်စစ်ဆင်ရေးများအတွက် များစွာအထောက်အကူ ဖြစ်စေခဲ့သည်။ ၁၉၄၉ခုနှစ် မတ်လက ဖြစ်ပွားခဲ့သော တပ်မတော်(လေ)၏ ကြိုးပမ်းမှုသည် တပ်မတော်သမိုင်းတွင် ထင်ရှားခဲ့သည်။ ၁၉၄၉ ခုနှစ် မတ်လ၃၁ ရက်က တပ်မတော်(ကြည်း)သည် ဘီလူးကျွန်းအနီးရှိ သောင်းကျန်းသူများကို တိုက်ခိုက်နှိမ်နင်းရာတွင် တပ်မတော်(လေ)မှ အောက်စ်ဖို့လေယာဉ်များက အနီးကပ် ပစ်ကူပေးခဲ့သည်။ ၎င်းတို့အထဲတွင် ဒုတိယဗိုလ်အောင်မြတ် မောင်းနှင်သည့် အောက်စ်ဖို့လေယာဉ်သည် ရာသီဥတု ဆိုးရွားသည့် ကြားမှပင် ပစ်ကူများပေးခဲ့သည်။ ယင်းသို့ ပစ်ကူပေးစဉ် အောက်စ်ဖို့ လေယာဉ်မှာ ရန်သူ့ကျည်ထိမှန်သဖြင့် ရေထဲသို့ ထိုးကျခဲ့သည်။ ဒုတိယဗိုလ်အောင်မြတ်သည် လေယာဉ် ရေနစ်နေစဉ်မှာပင် အတူပါလာသူ ဒုတိယတပ်ကြပ် အော်လီဗာရီအား ကယ်ထုတ်နိုင်ခဲ့သည်။ ထူးချွန် ပြောင်မြောက်သော ၎င်း၏စွမ်းဆောင်မှု

အင်းစိန်တိုက်ပွဲတွင် ရှေ့တန်းရောက်တပ်မတော်သားများအား မြို့နေပြည်သူများက ဤသို့စားသောက်ဖွယ်ရာများကို လိုက်လံကျွေးမွေးကူညီခဲ့ကြသည်။

ကြောင့် နိုင်ငံတော်က ဒုတိယဗိုလ်အောင်မြတ်အား **သူရဘွဲ့** တံဆိပ်ကို ချီးမြှင့်ခဲ့သည်။ ထို့ပြင် ၁၉၆၀ ပြည့်နှစ်ကာလ တရုတ်–မြန်မာ နယ်နိမိတ်သတ်မှတ်နိုင်ရေး လုပ်ငန်းများတွင်လည်း အခက်အခဲအကျပ်အတည်းများကြားက ပေးအပ်သော တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သည့် ဗိုလ်မှူးသူရ အောင်မြတ်ကို နိုင်ငံတော်က **သီဟသူရဘွဲ့** တံဆိပ်ချီးမြှင့်ခဲ့သည်။

ဤသို့လျှင် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးရပြီးစကာလ ပေါ်ပေါက်ခဲ့သော ပြည်တွင်းသောင်းကျန်းမှုများကို တိုက်ခိုက်နှိမ်နင်းကာ ဆုံးရှုံးလုနီးပါးဖြစ်ခဲ့သည့် မြန်မာ့လွတ်လပ်ရေးကို ပထမအကြိမ် ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ **မြန်မာ့လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်နိုင်ခဲ့သည့် ဤဖြစ်စဉ်များတွင် တပ်မတော်၏ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ကြီးမားမှု၊ တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ကို ပဓာနမထားဘဲ သက်စွန့်ဆံဖျား ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင် ကြိုးပမ်းခဲ့မှု၊ စည်းကမ်းရှိမှု၊ သတ္တိရှိမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ရှိမှု၊ ကိုယ်ကျိုးစွန့်မှု၊ စိတ်ဓာတ်မြင့်မြတ်မှု၊ အပင်ပန်းအဆင်းရဲခံနိုင်မှု၊ ခွဲလုံ့လဝီရိယရှိမှု၊ ဒို့တာဝန် အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ထားမှုတို့ကို တွေ့ရှိရမည်ဖြစ်သည်။** ၎င်းတို့သည် ခေတ်အဆက်ဆက် စွမ်းရည် ထက်မြက်ခဲ့သည့် မြန်မာ့တပ်မတော်၏ သမိုင်းအစဉ်အလာကောင်းများပင် ဖြစ်ပါတော့သည်။ ။

❑ *ကျောဖုံးမှ*

အစည်းအဝေးတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက အဖွင့်အမှာစကား ပြောကြားရာ၌ နိုင်ငံတော်၏ စီးပွားရေး တောင့်တင်းခိုင်မာရေးအတွက် စိုက်ပျိုးရေးကဏ္ဍကိုအခြေခံ၍လုပ်ကိုင်ဆောင်ရွက်ရာတွင် စပါး၊ ပဲ၊ ပြောင်းနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးမှုအတွက် ဆန်စပါး ဖူလုံရုံသာမက ပိုလျှံနေသော်လည်း စားသုံးဆီကို ဖူလုံအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသေးကြောင်း၊ ပြည်ပမှ စားအုန်းဆီ တင်သွင်းပြီး အားဖြည့်ပံ့ပိုးနေရကြောင်း။

ထို့ကြောင့် တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ပျိုးပြီး ပြည်တွင်းစားသုံးဆီဖူလုံရေး၊ တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးဖြစ်စေရေးကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ဆီအုန်း ဧကငါးသိန်းကို မျှော်မှန်းထားသည့်အတိုင်း အပြည့်အဝစိုက်ပျိုးခြင်းသည်သွင်းကုန်အစားထိုးခြင်းဖြစ်သည်သာမက ပြည်ပပို့ကုန်အဖြစ် စားအုန်းဆီများကိုတင်ပို့ရောင်းချနိုင်သည့် အခြေအနေရှိပါကြောင်း။

နိုင်ငံအတွက်အကျိုးဖြစ်ထွန်း

ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုကြောင့် မည်မျှအကျိုးဖြစ်ထွန်းသည်ကို ဆီအုန်းစိုက်ပျိုးနေသည့် အိမ်နီးချင်း နိုင်ငံတစ်ချို့၏အခြေအနေကိုကြည့်ခြင်းအားဖြင့် သိသာထင်ရှားကြောင်း၊ ထို့ကြောင့် ဆီအုန်းစိုက်ပျိုးခြင်းဖြင့် မိမိတစ်ဦးချင်းအတွက်ရော နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

ဆီအုန်းစိုက်ပျိုးရာတွင် တစ်ချို့လည်း စိုက်ပျိုးရန်ဆန္ဒရှိသော်လည်း ငွေကြေး အရင်းအနှီးမရှိ၍ မစိုက်ပျိုးနိုင်သူများရှိသကဲ့သို့ တစ်ချို့မှာလည်း စိုက်ပျိုးရန်ဆန္ဒလည်းရှိ၊ ငွေကြေးတတ်နိုင်စွမ်းလည်းရှိသော်လည်း အခြေအနေမပေး၍ မစိုက်ပျိုးနိုင်သည်ကိုလည်း တွေ့ရကြောင်း။

ရည်မှန်းချက်အောင်မြင်

မိမိတို့အနေဖြင့် ဆီအုန်းစိုက်ပျိုးရန် မြေလွတ်မြေရိုင်းများကို ခွင့်ပြုချထားပေးလျက်ရှိပြီး လိုအပ်သော လမ်းပန်းဆက်သွယ်မှုတို့နှင့် အခြားလိုအပ်သော အကူအညီများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဆီအုန်း လက်ရှိ စိုက်ပျိုးနေသူများကလည်း ရည်မှန်းချက်အတိုင်း နှစ်အလိုက် အပြည့်အဝစိုက်ပျိုးရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရှိရပြီး ဆီအုန်းစိုက်ရန် ဆန္ဒရှိသူများလည်းဝင်ရောက် ရင်းနှီးမြှုပ်နှံ စိုက်ပျိုးကြမည်ဖြစ်ကြောင်း ကြားသိရ၍ ဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် နိုင်ငံတော်အစိုးရတို့လက်တွဲ ညီညီကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ပြည့်ဝအောင်မြင်မည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ဆီအုန်းစိုက်ပျိုးရန် လျာထားမှု၊ စိုက်ပျိုးပြီးစီးမှုနှင့် ထပ်မံစိုက်ပျိုးရန် လိုအပ်မှုအခြေအနေ၊ ဆီကြိတ်စက်ရုံများ တည်ဆောက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဆီအုန်း စိုက်ပျိုးနေကြသည့် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များက ဆီအုန်းပင်စိုက်ပျိုးပြီးစီးမှု၊ ဆီအုန်းပင် ထပ်မံ စိုက်ပျိုးမည့် အစီအစဉ်များ၊ ဆီကြိတ်ခွဲစက်ရုံများ ထူထောင်မှုနှင့် လုပ်ငန်းလိုအပ်ချက်များ၊ အကျိုးအမြတ် ဖြစ်ပေါ်လာနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းပေးနိုင်သည်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို ညှိနှိုင်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အစည်းအဝေးသို့ တက်ရောက်လာကြသော လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၂

၂၀၀၄ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် စပိန်နိုင်ငံ မဒရစ်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ရပ်ကြောင့်အပြစ်ကင်းမဲ့သူ လူအများအပြားအသက်ဆုံးရှုံးခဲ့ရခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ စပိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် အာနာ ပလာစီရိုထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာတစ်စောင် ပေးပို့သည်။

(သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ
၂၀၀၇၄၅

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက ၂၀၀၄ ခုနှစ် မြန်မာပြည် တံခွန်စိုက်တင်းနစ်ပြိုင်ပွဲ၏ တံခွန်စိုက်ဆုဖလားကို တူးမော်အား ချီးမြှင့်နေစဉ်။ (သတင်းစဉ်)

၂၀၀၄ ခုနှစ် မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် မြန်မာပြည် တံခွန်စိုက်တင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသား အသက်(၆၀)အထက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ဟားဘတ်နှင့် ခင်မောင်ဝင်းအတွဲ၊ ဒုတိယရဲမြင့်နှင့် ပိန်းရီအတွဲ၊ တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမကျော်မောင်၊ ဒုတိယ ဟောက်ခိုပေါင်တို့က ရရှိသွားသည်။

အသက် (၅၅) နှစ်အထက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့် မောင်မောင်လေးအတွဲ၊ ဒုတိယ တင်မောင်လွင်နှင့် ကိုကြည် အတွဲတို့ ရရှိကြပြီး ဆုများကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာတင်အောင်လင်းက ပေးအပ်ချီးမြှင့်သည်။

အသက်(၅၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ တင်မောင်လွင်၊ ဒုတိယ မောင်မောင်လေးတို့က ရရှိသွားသည်။

အသက်(၄၅)နှစ်အထက်နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ခင်ဝင်းနှင့် တင်မောင်လွင်အတွဲ၊ ဒုတိယစိုးကောက်နှင့် ခင်မောင်ချိုအတွဲတို့က ရရှိသွားပြီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမအောင်မိုး၊ ဒုတိယ မန်ပေါင်တို့က ရရှိသွားသည်။

အသက် (၃၅) နှစ်အထက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ကျော်စံဝင်းနှင့် အောင်မိုးအတွဲ၊ ဒုတိယတင်အောင်လင်းနှင့်မောင်မောင်အတွဲတို့ကရရှိပြီး တစ်ဦးချင်း ပြိုင်ပွဲတွင် ဇော်လင်းနိုင်က ပထမ၊ အောင်မိုးက ဒုတိယရရှိသွားသည်။

အမျိုးသမီး နှစ်ယောက်တွဲ အလွတ်တန်းပြိုင်ပွဲတွင် ပထမ အေမီထွန်းနှင့် ကြည်မြဖော်အတွဲ၊ ဒုတိယ မိုးချစ်သဲနှင့် ခိုင်ငြိမ်းသာအတွဲ၊ တတိယထားထားလွင်နှင့် ဇင်မာထွေးအတွဲနှင့် တွဲဖက် တတိယ သန္တာအောင်နှင့် သက်မာထွန်းအတွဲတို့က ရရှိပြီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ အေမီထွန်း၊ ဒုတိယကြည်မြဖော်၊ တတိယ မိုးချစ်သဲနှင့် ခိုင်ငြိမ်းသာတို့ ရရှိသွားသည်။

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက အမျိုးသား အလွတ်တန်းပြိုင်ပွဲတွင် ပထမရရှိသော ဇော်ဇော်လတ်နှင့် တူးမော်အတွဲ၊ ဒုတိယ ခင်မောင်ဝင်းနှင့် သက်လွင်အတွဲ၊ တတိယ ရရှိသော မြတ်ခိုင်နှင့် ဖြိုးမင်းသာအတွဲနှင့် မင်းမင်းနှင့် မန်လုံစိန်အတွဲတို့အား လည်းကောင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသော တူးမော်၊ ဒုတိယ ရရှိသော ဇော်ဇော်လတ်၊ တတိယ ရရှိသော မင်းမင်းနှင့် ခင်မောင်ဝင်းတို့အား ဆုများချီးမြှင့်ပြီး ၂၀၀၄ ခုနှစ် မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲ၏ တံခွန်စိုက်ဆုဖလားကို ဆွတ်ခူးသော တူးမော်အား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်လိုက်သည်။

ပြိုင်ပွဲတွင် အောင်ပွဲရအားကစားမောင်မယ်တို့အား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင်များက အလှည့်ကျ ဆုများချီးမြှင့်ကြသည်။

သုံးစွဲလျှင် အသိယှဉ်
အစဉ်သတိအမြဲရှိ

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး တတိယအကြိမ်ပြန်လည်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေထည့်ဝင်လှူဒါန်းရန်နှိုးဆော်လွှာ

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံရေး၏ ဒုတိယမြောက်လုပ်ငန်းအဖြစ် စေတီတော်မြတ်ကြီးနှင့် လွန်စွာနီးကပ်၍ ရင်ပြင်တော်လျှောက်လမ်း အလွန်ကျဉ်းမြောင်းနေသော ဘုရားကြီးကိုးဆူတန်ဆောင်းကို ရင်ပြင်လျှောက်လမ်း ကျယ်ဝန်းစေရန်အတွက် မဟာရံတံတိုင်းအပြင်သို့ ရှစ်ပေခန့်တိုးချဲ့၍ အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ပါသည်။ အသစ်ပြုပြင်တည်ဆောက်ပြီးသွားပါက ဘုရားကြီးကိုးဆူတန်ဆောင်းသည် စေတီတော်နှင့် ကိုးပေခန့်ကွာဝေး သွားမည်ဖြစ်သဖြင့် ရင်ပြင်တော်လျှောက်လမ်း ကျယ်ဝန်းပြီး ဘုရားဖူးများ စိတ်ချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်မည်ဖြစ်ပါသည်။ ဘုရားကြီးကိုးဆူတန်ဆောင်း အသစ်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် အောက်ပါလုပ်ငန်းရပ်များအလိုက် လှူဒါန်းနိုင်မည်ဖြစ်သည်။

၁။ ရုပ်ပွားတော်ကြီး ကိုးဆူလုံးတော်ပြည့်ရွှေသင်္ကန်းတစ်ဆူလျှင်
ငါးသိန်းကပ်လှူခြင်း

၂။ ၁၁ ပေX၁၅ ပေ၊ အခန်း ၁၂ ခန်း	တစ်ခန်းလျှင်	၂၀၀၀၀၀ ကျပ်
၃။ တန်ဆောင်းကွန်ကရစ်တိုင် ၁၆ လုံး	တစ်လုံးလျှင်	၁၅၀၀၀၀ ကျပ်
၄။ အင်္ဂတေလင်းနို့တောင် နှစ်ဖက်လှငါးခန်း	တစ်ခန်းလျှင်	၂၄၀၀၀၀ ကျပ်
၅။ သွပ်ပန်းစိန်ကြီး သုံးလုံး	တစ်လုံးလျှင်	၈၀၀၀၀ ကျပ်
၆။ သွပ်ပန်းစိန်လတ် ၁၄လုံး	တစ်လုံးလျှင်	၄၅၀၀၀ ကျပ်
၇။ သွပ်ပန်းစိန်သေး ၂၄လုံး	တစ်လုံးလျှင်	၆၅၀၀ ကျပ်
၈။ သွပ်ပန်းမုခ်ကြီး တစ်မုခ်	တစ်မုခ်လျှင်	၂၅၀၀၀၀ ကျပ်
၉။ သွပ်ပန်းမုခ်လတ် နှစ်မုခ်	တစ်မုခ်လျှင်	၁၉၀၀၀၀ ကျပ်
၁၀။ သွပ်ပန်းမုခ်သေး နှစ်မုခ်	တစ်မုခ်လျှင်	၁၃၀၀၀၀ ကျပ်
၁၁။ သွပ်ပန်းထောင့်မုခ် ရှစ်မုခ်	တစ်မုခ်လျှင်	၃၇၀၀၀ ကျပ်
၁၂။ သွပ်ပန်းဖောင်းပန်းဆွဲ ၁၀ချောင်း	တစ်ချောင်းလျှင်	၄၃၀၀၀မှ ၁၃၅၀၀၀ ကျပ်

စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံလုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို မတ် ၂၆ ရက်(သောကြာနေ့)တွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော်ပါဝင်လိုသူ အလှူရှင်များအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

စေတီတော်ဂေါပကရုံး-ဖုန်း-၂၉၀၄၂၅
ပြန်ကြားရေးဝန်ကြီးရုံး-ဖုန်း-၂၄၅၆၁၅၊ ၂၄၅၆၁၉၊ ၂၄၅၅၉၅၊ ၂၄၅၆၂၄၊ ၂၄၅၆၃၁

ကမ္ဘောဇဘောလုံးအသင်းအား ဂုဏ်ပြုညစာဖြင့်တည်ခင်း

ရန်ကုန် မတ် ၁၂

၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီတွင် ပထမတန်း ဘောလုံးပြိုင်ပွဲ အမှတ်ပေးပွဲစဉ်၌ ပထမရရှိသော ကမ္ဘောဇဘောလုံးအသင်းအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းပွဲကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ်စင်တာ၌ ကျင်းပသည်။

ညစာစားပွဲတွင် ပထမတန်းအဆင့်၌ ပါဝင်ကစားခဲ့ကြသော ကမ္ဘောဇဘောလုံးအသင်းမှ ဘောလုံးသမားများနှင့် အသင်းအုပ်ချုပ်သူ နည်းပြများအား ဂုဏ်ပြုဆုငွေ ကျပ် တစ်သိန်းစီကို ကမ္ဘောဇဘောလုံးအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်က ချီးမြှင့်သည်။

ထို့နောက် အသင်းနာယကများဖြစ်ကြသည့် ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဦးအောင်ကိုဝင်းတို့က လာမည့် ဘောလုံးရာသီတွင် အဆင့်မြင့်တန်း ပြိုင်ပွဲများ၌ တက်ရောက်ယှဉ်ပြိုင်ရမည့် ကမ္ဘောဇဘောလုံး အသင်းသားများအား အောင်မြင်မှုရရှိရေး ဆက်လက်ကြိုးစားကြရန်နှင့် အတန်းပြန်မဆင်းရရေး ဦးစားပေး ယှဉ်ပြိုင်ကြရန် မှာကြားသည်။

ကမ္ဘောဇဘောလုံးအသင်းကို ၂၀၀၂ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် ပထမတန်း ဘောလုံးပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ ပထမတန်း အမှတ်ပေးပွဲ၌ ပထမရဗိုလ်စွဲသွားသော ကမ္ဘောဇဘောလုံးအသင်းကို ကမ္ဘောဇဘဏ်လီမိတက်မှ ဦးအောင်ကိုဝင်းက ဂုဏ်ပြုခြင်းဖြစ်သည်။

(သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့်အတူ ပြိုင်ပွဲတွင် အောင်ပွဲရ တင်းနစ်အားကစားမောင်မယ်များ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ မတ်လအတွက်
(၁၄-၃-၂၀၀၄) ရက်နေ့
နှင့်
(၂၈-၃-၂၀၀၄) ရက်နေ့

နိုင်ငံတော်အကြီးအကဲက အပူပိုင်းဒေသရှိကျေးရွာအားလုံးသန့်ရှင်းသော သောက်သုံးရေရရှိရေးလမ်းညွှန်ထား နိုင်ငံတော်နှင့်အလှူရှင်များအင်အားဖြင့် ရေတွင်းပေါင်း ၁၁၆၉ တွင်းတူး၍ ကျေးလက်ရေရရှိရေးဆောင်ရွက်ပြီးဖြစ် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ရေရရှိရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေ

ရန်ကုန် မတ် ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမဌကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကားပြောကြားသည်။

အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊မြန်မာနိုင်ငံအာဆီယံ အမျိုးသမီးများ၊ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၏ဇနီး ဒေါ်စံယုံ၊ အသင်းဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး၏ ဇနီး Mrs. Poh Choo de Cruz၊ အသင်းအမှုဆောင် ကော်မတီဝင် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင် သမ္မတနိုင်ငံ သံအမတ်ကြီး Mme. Phoebe A. Gomez၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက ရှင်းလင်းတင်ပြရာ၌ ၁၉၉၉ ခုနှစ် ဧပြီလတွင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေ ရရှိရေးကို ၁၀ နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော်ရန် လမ်းညွှန်ခဲ့ကြောင်း၊ စီမံကိန်းကာလ၏ ပထမနှစ်ဖြစ်သော ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ယခုအချိန်အထိ ရေခက်ခဲသော အပူပိုင်းဒေသ တိုင်း သုံးတိုင်းရှိ ၈၀၄၂ ရွာအနက် ၄၇၈၃ ရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ရေရရှိရေးလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း။

စေတနာရှင်များက ပူးပေါင်းပါဝင်လာသဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်းများ အရှိန်အဟုန် ရလာပြီဖြစ်ကြောင်း၊ ထို့အပြင် အပြည်ပြည်ဆိုင်ရာ အသင်းအဖွဲ့များကလည်း ကျေးလက် ရေပေးရေးလုပ်ငန်းများတွင် ကူညီမှုများပေးလျက်ရှိရာ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ Japan International Cooperation Agency (JICA)က ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် စက်ရေတွင်းပေါင်း ၂၅၀ကို ငါးနှစ်စီမံကိန်းဖြင့် တူးဖော်ဆောင်ရွက်မည်ဖြစ်ပြီး ယခုအချိန်ထိ စက်ရေတွင်းပေါင်း ၉၁ တွင်း တူးဖော်ပြီးစီးပြီဖြစ်ကြောင်း၊ အပူပိုင်းဒေသ သောက်သုံးရေရရှိရေး ပင်မစီမံကိန်းကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိရာ မြို့နယ် ၁၁ မြို့နယ်တွင် တွင်းနက်အစမ်းတွင်း ၂၂တွင်း တူးဖော် ဆောင်ရွက်ပြီးဖြစ်ကြောင်း။

အာရှ–ဂျပန် ပေါင်းကူးအဖွဲ့ Bridge Asia Japan(BAJ)က ပုဂံညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း လေးလက်မနှင့် ခြောက်လက်မ တွင်းနက် ၄၈ တွင်းကို ၂၀၀၁–၂၀၀၂ မှ စတင်တူးဖော်ပေးခဲ့ကြောင်း။

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)ကလည်း အပူပိုင်းဒေသ ကျေးလက်ရေရရှိရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၀၁–၂၀၀၂ ခုနှစ်မှ ယခုအချိန်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းအတွင်း ရေရရှိရေးလုပ်ငန်းပေါင်း ၃၉၀ ခု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီတို့ကလည်း ကျေးလက်ရေပေးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ် လှူဒါန်းကြရာ စည်ပင်သာယာရေးဘဏ် လီမိတက်က ငွေကျပ်သိန်း ၄၀၀၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေး သားသမီး မြေးမိသားစုက ငွေကျပ်၂၅သိန်း၊ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းက ငွေကျပ် ၃၅ သိန်း၊ Miss YVE Callebaut President Support Fund Myanmar Belgium က FEC ၁၀၀၀၀ နှင့် ဦးလင်းဝင်း–ဒေါ်ရီရီစိန်တို့က ငွေကျပ် ၃၅သိန်းတို့ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံထံ သီဟသုခမ္မသိင်္ဂီ ဒေါ်တင်မြိုင်က ငွေကျပ်သိန်း ၃၀၊ Nihon Sogyo Co., Ltd. and Silver Wave Trading Ltd.က ငွေကျပ်သိန်း၃၀၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးများအသင်းက ငွေကျပ် ၂၅သိန်း၊ အမေရိကန်ဒေါ်လာ ၃၄၆၈ နှင့် ယူရို ၂၇၀၊ ဗိုလ်မှူးကြီးဇဟိန်း (ငြိမ်း)–ဒေါ်ဌေးဌေး သားသမီးမြေးတစ်စုက ငွေကျပ် ၁၄ သိန်း၊ အောင်ချမ်းသာမိသားစု TV, Video, Audio ရောင်းဝယ်ရေးက ငွေကျပ် ၁၀ သိန်း၊ Mr. Daniel Lynda and Valerie LIU တို့က ငွေကျပ် ၁၀ သိန်း၊ ဦးကျော်စိန် (သံတံခါး၊ သံပန်း၊ သံထည်လုပ်ငန်း)–ဒေါ်ခင်အေးတို့က ငွေကျပ် ၁၀ သိန်း၊ ဦးမြင့်သိန်း (၁၅) အကြီးတန်းအကောက်ခွန်မှူး (ငြိမ်း)–ဒေါ်သီသီခိုင်နှင့်မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဒေါ်ကျင်မြနှင့် သားသမီး မြေးတစ်စုက ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားထံ မြင့်ဟန် ရွှေနန်းသစ် ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ ကွယ်လွန်သူ ဖခင်ဒေါက်တာဦးမောင်ကလေးနှင့် မိခင်ဒေါ်စောတို့အား ရည်စူး၍ ဒေါက်တာဒေါ်ခင်ခင်နီမိသားစုနှင့် ဒေါက်တာဒေါ်ခင်ခင်ဖြူတို့က ငွေကျပ် ရှစ်သိန်း၊ လှိုင်မြို့၊ မြို့မရပ် ဦးဘစိန်–ဒေါ်တီတို့က ငွေကျပ် ခြောက်သိန်း၊ တရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်း ဇနီး ဗိုလ်ကြီးဒေါ်လှငွေ(ငြိမ်း)သားမောင်ကျော်မြတ်ခိုင်၊ သား ဗိုလ်ကျော်မြင့်ခိုင်၊ သမီး မမေဆုလှိုင်တို့က ငွေကျပ်ငါးသိန်း၊ ကျေးဇူးရှင် ဖခင်ဦးဘိုးကြူ–မိခင်ဒေါ်ကြင်ရွှေတို့အား ရည်စူး၍ သမီးဒေါ်မြစိန်၊ သားဦးစိန်ဝမ်၊ ဦးစန်း၊ ဦးမြင့်သီ ဇနီး ဒေါ်မြင့်မြင့်စိန်၊ မြေးမောင်ကျော်လင်းသူ၊ မလတ်လတ်ဝင်း၊ မောင်ပြည့်စုံဝင်း မိသားစုတို့က ငွေကျပ်ငါးသိန်း၊ (ဦးဖိုးဉာဏ်–ဒေါ်မမခင်)အား ရည်စူး၍ သားဖြစ်သူ ဦးလှဖေ–(ဒေါ်စိန်တင်)မိသားစု ကောင်းမှုက ငွေကျပ်ငါးသိန်း၊ ဦးမင်းသိန်း–ဒေါ်ယုလှဲ့ထွန်း သား အောင်မင်းသိန်း၊ အောင်ပြည့်သိန်း မိသားစုက ငွေကျပ်ငါးသိန်း၊ အဖ ဦးစီး–အမိ ဒေါ်ပုနှင့် ဇနီး ဒေါ်တင်တင်အောင်တို့အား ရည်စူးလျက် ဦးကျော်အောင်နှင့် သားသမီးများ၊ ရဲအုပ်အုန်းလွင်–ဒေါ်မိုးမိုးအောင်၊ ဦးဌေးဝင်း–ဒေါ်ခင်နွဲ့မောင်၊ ဦးမင်းအောင်၊ မြေး မအေးမြမြမိုး၊ မောင်ဟိန်းထက်မော်တို့က ငွေကျပ်ငါးသိန်း၊ စစ်တက္ကသိုလ် အပတ်စဉ်(၂၃)က ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းထံ နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးအောင်မိုး–ဒေါ်နိုင်နိုင်အောင်၊ သား မောင်အောင်ကောင်းခန့် မိသားစု၊ ဦးသိန်းနု–ဒေါ်ခင်မြမိသားစု၊ မိခင်ဒေါ်ခင်ကြည်အမှူးထား၍ အကယ်ဒမီ အထည်ဆိုင်၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန် သားသမီးမြေးမြစ်တစ်စု၊ ကွယ်လွန်သူ (ဦးခင်ဝင်း)အားရည်စူး၍ ဟာဂျီမဒေါ်ခင်ရီမိသားစု၊ စီအမ်အေ–ပုညကုသလဗဟုကရလူမှုရေးအသင်းအမှုဆောင်များနှင့် ဓမ္မမိတ်ဆွေများ၊ ဦးဝင်းဖေ–ဒေါ်အေးအေးမြင့်မိသားစု၊ ဦးအောင်သူ–ဒေါ်သက်သက်မိသားစု၊ကွယ်လွန်သူ ဖခင်ဦးဘိုးသိန်း၊ မိခင်ဒေါ်ငွေလှိုင်အားရည်စူး၍ ဗိုလ်မှူးမြတ်လှ(ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေးမိသားစုနှင့် ဦးဉာဏ်လှိုင်–ဒေါ်ကြည်ညွန့်မိသားစု၊ ဦးကံညွန့်အားရည်စူး၍ ဒေါ်လှကြည်နှင့်မိသားစုတို့ကငွေကျပ်ငါးသိန်းစီကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်ထံ ကွယ်လွန်သူမိခင်ဒေါ်အေးကြည်(ခ)ဒေါ်အမာကြည်အားရည်စူး၍ ဦးစိန်မြင့်မိသားစု၊ ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သည့်ဦးလှမောင်–ဒေါ်ရွှေခမ်းတို့အားရည်စူး၍ သားဦးသိန်းလွင် ဒေါ်ကေသီလှိုင်မိသားစု၊ စီအမ်အေ ပုညကုသလဗဟုကရအသင်း၊ ဦးရဲဝင်း–ဒေါ်ခင်မြင့်မြင့်မိသားစု၊ နှစ်ဖက်သောမိဘများဖြစ်သော ဦးကျောက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေး သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်များ လှူဒါန်းသော အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

အေး–ဒေါ်ကြည်နှင့် ဦးမောင်မောင်–ဒေါ်အုံးကြင်တို့အားရည်စူး၍ပျဉ်းမနားမြို့မှ ဗိုလ်မှူးကြီးတင်ရွှေ–ဒေါ်ငွေယဉ်၊ အစ်မဒေါ်သန်းရွှေမိသားစု၊ ဗိုလ်ကြီးစန်းလွင်ဇနီးဒေါ်အမာစိန် သားသမီးမိသားစု၊ ရန်ကုန်မြို့ ၂၉လမ်း (အထက်လမ်း)၊ ဦးမြင့်လွင်–ဒေါ်သိန်းသိန်းနှင့် သားများဖြစ်ကြသော ဇော်မင်းလွင်၊ ကျော်ထင်လင်း၊ ဖြိုးဝေဇော်၊ မိုးသိန်းထိုက်၊ ကွယ်လွန်သူဒေါ်ခင်ဆွေတင့်အားရည်စူး၍ ဒေါက်တာ ဦးကြည်ပေါ်၊ သား ဒေါက်တာဦးမျိုးညွန့်၊ ဒေါက်တာဦးမျိုးလွင်နှင့် နှစ်ဖက်မိဘများအားရည်စူး၍ ဦးမောင်မောင်ရီ–ဒေါ်ခင်အေး သားသမီးမြေးမိသားစုတို့က ငွေကျပ် ငါးသိန်းစီကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေထံ ဒေါ်နန်းအိအိဇာ၏ မွေးနေ့အထိမ်းအမှတ် ဦးရဲမြင့်–ဒေါ်နန်းအိအိဇာနှင့် မိသားစု(သရဖူမဂ္ဂဇင်း)၊ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အာရှဖွံ့ဖြိုးရေးဘဏ်မှ ဒေါက်တာစိန်တင် (တွဲဖက်အမှုဆောင် ဒါရိုက်တာ) ဇနီး ဒေါ်ညွန့်ညွန့်ရွှေ မိသားစု၊ ဦးဆိုင်(ဒေါ်ကျင်လှိ)မိသားစုနှင့် နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးလမင်း၊ ဒေါ်တင်တင်ဝင်း၊ သား မောင်သော်တာလင်း၊ သမီး မခိုင်ဇာလင်းမိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ၂၀၀၃ – ၂၀၀၄ ခုနှစ်အထက(၄) ဗိုလ်တထောင် ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မေမြင့်၊ ဆရာမများ၊ ကျောင်းသူများ၊ ဝန်ထမ်းများက ငွေကျပ် ၄၀၅၅၀၀၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဝန်ထမ်း ၁၂၁ ဦး၏ စုပေါင်းလှူဒါန်းငွေ ၂၇၁၈၀၅ ကျပ်၊ ဦးကျော်မြသိန်း(ဒု–ပါမောက္ခချုပ်) ကွန်ပျူတာတက္ကသိုလ်၊ အကြံပေးအရာရှိ (ငြိမ်း)ဇနီး ဒေါ်စန်းစန်းမြင့်၊ ကုန်သွယ်ရေးမန်နေဂျာ(ငြိမ်း)၊ သမီး ဒေါက်တာချိုချိုစန်း၊ မောင်ဇော်ဝင်းအောင်၊ သမီး မခင်စန္ဒာမိသားစု ကောင်းမှုတို့က ငွေကျပ် ၂၅၀၀၀၀၊ ဦးဉာဏ်လင်းထက်– ဒေါ်စမ်းသီတာနိုင်၊ ဦးဖြိုးလှမြင့်–ဒေါ်မိမိနိုင်မိသားစုတို့က ငွေကျပ် ၂၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြသည်။

ရည်ရွယ်ချက်ရှင်း

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးဖြစ်သည့် ဦးစန်းက ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လှူဒါန်းရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ကဏ္ဍပေါင်းစုံအောင်မြင်ဖြစ်ထွန်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ အသင်းအဖွဲ့များ၊ ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် ကဏ္ဍပေါင်းစုံတွင် အောင်မြင်ဖြစ်ထွန်းမှုများ ရရှိလျက်ရှိကြောင်း။

ထိုကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်လူဦးရေ၏ လူများစုဖြစ်သည့် ကျေးလက်ဒေသနေ ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားတိုးတက်လာစေရေး၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းစေရေးတို့အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်လျက်လည်း ရှိကြောင်း။

ပြည်နယ်၊ တိုင်းဒေသအသီးသီးတွင် ဆောင်ရွက်ပေးလျက်ရှိသည့် ဆည်မြောင်းတာတမံ စီမံကိန်းများ၊ မြေအောက်ရေရရှိရေးစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများကြောင့် ကျေးလက်ဒေသများ၏ ရေလိုအပ်မှုကို ယခင်ကနှင့်မတူ များစွာပြည့်စုံစေခဲ့သော်လည်း ယင်းရေရရှိရေးစီမံကိန်း၏ အကျိုးသက်ရောက်မှု မခံစားရသေးသည့် ကျေးလက်ဒေသများ ကျန်ရှိနေကြောင်း။

နှစ်ရှည်စီမံကိန်း

၁၉၉၉ ခုနှစ် ဧပြီလတွင် နိုင်ငံတော်အကြီးအကဲက ရေခက်ခဲသော အပူပိုင်းဒေသမန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသောသောက်သုံးရေရရှိရေး အတွက် နှစ်ရှည်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ကြောင်း။

ယင်းလမ်းညွှန်မှုနှင့်အညီ အပူပိုင်းဒေသ တိုင်းသုံးတိုင်းနှင့် အခြားပြည်နယ်၊ တိုင်းများ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်၏အင်အား၊ အလှူရှင်များ၏ အင်အား၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၏အင်အားဖြင့် ရေတွင်းပေါင်း ၁၁၆၉ တွင်း တူးဖော်၍ ကျေးလက်ဒေသရေရရှိရေးကို အားဖြည့် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

ပြည်သူ့အကျိုးပြုလုပ်ငန်း

သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ခြင်းလုပ်ငန်းသည် သက်ရှိထင်ရှားရှိသည့် ပြည်သူများအား တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းဖြစ်ကြောင်း၊ ဤကဲ့သို့ လှူဒါန်းခြင်းသည်အလှူဒါနတစ်ခုကို ပြုလုပ်ခြင်းဖြစ်သည်သာမက ပြည်သူ့အကျိုးပြုလုပ်ငန်းတွင်လည်း တစ်တပ်တစ်အားပါဝင်ခြင်းလည်းဖြစ်ကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် လှူဒါန်းကြသည့် အလှူရှင်များ သက်ရှည်ကျန်းမာ တိုးတက်ကြီးပွားကြပါစေ၊ ဆက်လက်၍လည်း ယခုကဲ့သို့ပင် လှူဒါန်းဒါနမှုပြုနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားပြီး အလှူရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အခမ်းအနားသို့ မတက်ရောက်နိုင်သူများ၏ လှူဒါန်းငွေများအပါအဝင် အလှူငွေစုစုပေါင်း ငွေကျပ် ၁၃၁၂၅၉၃၀၅၊ အမေရိကန်ဒေါ်လာ ၄၄၆၈၊ ယူရို ၂၇၀ နှင့် FEC ၁၀၀၀၀ ရရှိသည်။ **(သတင်းစဉ်)**

13-3 (11).p65 1 3/24/05, 11:06 PM

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။



တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်နေ့စစ်ကြောင်းကြီးများ ချီတက်လေ့ကျင့်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ယနေ့နံနက် ၅ နာရီတွင် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် ချီတက်လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

စစ်ရေးပြလေ့ကျင့်ရာသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အတူ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြည့်ရှုစစ်ဆေးကြသည်။

ချီတက်လေ့ကျင့်

စစ်ရေးပြလေ့ကျင့်မှုများဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းနှင့်အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီးညီထွန်းတို့ ဦးဆောင်၍ အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့်အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များက (တပ်ပါ)စစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ် များအတိုင်း မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် ချီတက်လေ့ကျင့်ကြသည်။

မှာကြား

ထို့နောက်(၅၉)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စစ်ရေးပြစစ်ကြောင်းကြီးများအား လိုအပ်သည်များမှာကြားပြီး နံနက် ၉ နာရီတွင် တော်လှန်ရေးပန်းခြံမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တော်လှန်ရေးပန်းခြံအတွင်း လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ တည်းခိုဆောင်နှင့်စားရိပ်သာ ဝန်ကြီးဗိုလ်ချုပ်စိန်ထွားကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့မွန်းလွဲပိုင်းတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များ စစ်ရေးပြလေ့ကျင့်လျက်ရှိသည့် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ တည်းခိုဆောင်သို့ ရောက်ရှိလာရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အောင်ဆန်းစစ်ကြောင်းမှူး ဗိုလ်မှူးကြီးမောင်မောင်သန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား၌ အောင်ဆန်းစစ်ကြောင်းမှပါဝင်ချီတက်မည့်မီးသတ်တပ်ဖွဲ့ဝင်များ၏ တည်းခိုရာအိပ်ဆောင်၊ စားရိပ်သာ၊ မီးဖိုဆောင်နှင့် ရိက္ခာဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံ၍ စစ်ရေးပြအရည်အသွေးမြင့်မားရေး၊ ကျန်းမာကြံ့ခိုင်ရေး၊သတ်မှတ်ထားသော စည်းကမ်းများ လိုက်နာပြီး ရဲဘော်စိတ် အပြည့်အဝဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး စသည်ဖြင့် မှာကြားပြီး မီးသတ်ဦးစီးဌာနမှ တပ်ခွဲ(၂)ခွဲ၌ ပါဝင်သည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရှိုင်းဆောက်လုပ်ရေး ကုမ္ပဏီဥက္ကဋ္ဌ ဦးစံထွန်းက ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းကို ပေးအပ် လှူဒါန်းရာဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံယူပြီး မီးသတ်ဦးစီးဌာနမှ တပ်ခွဲ(၂)ခွဲ၌ ပါဝင်သည့် မီးသတ်တပ်ဖွဲ့ဝင်များအား လွှဲပြောင်းပေးအပ်သည်။ **(သတင်းစဉ်)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)
၁၃-၃-၂၀၀၄(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ စားကြမယ်ဟော့ကောင်းကောင်း
၈:၀၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ ဇိုက္ကရဲရေထိန်းတံခါး
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar Made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး ၂၀၀၂ ခုနှစ်(၅၇)နှစ်မြောက် တပ်မတော်နေ့(တော်လှန်ရေးနေ့) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာအရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ "နက်ရှိုင်းမေတ္တာ" (အပိုင်း-၂၃)
၁၄:၀၅ ၇။ ယူးချောင်းတံတား
၁၄:၁၅ ၈။ "အန္တရာယ်ကင်းစေ ဘေးရှင်းစေ" (လူမင်း၊ဟန်နီထွန်း) (ဒါရိုက်တာ-သက်တင်)
၁၄:၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၄၅ ၁၀။ International News
၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး ၂၀၀၂ ခုနှစ် (၅၇)နှစ်မြောက် တပ်မတော်နေ့(တော်လှန်ရေးနေ့) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English For Everyday Use
၁၆:၄၀ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၂ ခုနှစ်)
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၁၇:၀၅ ၆။ အကပဒေသာ
၁၇:၂၀ ၇။ တေးဂီတအစီအစဉ်
၁၇:၃၅ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၄၅ ၉။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၅၅ ၁၀။ တေးဂီတအစီအစဉ်
၁၈:၀၅ ၁၁။ စားကြမယ်ဟော့ကောင်းကောင်း
၁၈:၂၀ ၁၂။ ဖွံ့ဖြိုးသာယာမင်းကုန်းကျေးရွာ
၁၈:၃၀ ၁၃။ ညနေခင်းသတင်း
၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၅။ Discovery
၁၉:၂၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၂၆)
၁၉:၅၀ ၁၇။ ၂၀၀၂ ခုနှစ်(၅၇)နှစ်မြောက် တပ်မတော်နေ့(တော်လှန်ရေးနေ့) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
-"ပြည်သူ့အတွက်တပ်မတော်"
"ခေတ်အဆက်ဆက်ပြည်သူ့အတွက် မျိုးချစ်တပ်မတော်"
-ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက်
-အသက်ထက်မြတ်တဲ့ဂုဏ် (ချစ်ကောင်း)
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း "ရန့်ပြယ်နှင်းဆီ" (အပိုင်း-၁) (ရာဇာနေဝင်း၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-ကိုမျိုးထူး)
၂၂။ မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ဂီတပညာရှင်များစုစည်းထားသော ဂီတနန္ဒဝန် ဂီတပွဲတော်ကြီး (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုတင်ဆက်မည်

သတင်းဆောင်းပါး–မောင်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း–တက္ကသိုလ်ဟန်စိန်

ရန်ကုန် မတ် ၁၂

ဂီတသည် လောကကို သာယာစေသည်၊ ငြိမ်းအေးစေသည်၊ ပျော်ရွှင်ကြည်နူးစေသည်၊ တစ်နည်းအားဖြင့် ကမ္ဘာလောကကြီး သာယာငြိမ်းချမ်းမှ ငြိမ့်ညောင်းဆွတ်ပျံ့ဖွယ် ဂီတသံများ ပေါ်ထွက်လာနိုင်သည်။ ငြိမ်းချမ်းသော ကမ္ဘာသည် ဆွတ်ပျံ့ဖွယ်ဂီတကိုဖန်တီး၍ ငြိမ့်ညောင်းသောဂီတသည် ငြိမ်းချမ်းသောကမ္ဘာလောကကို ဖြစ်ပေါ်စေသည်။ ဤကား ယှက်နွယ်ပေါင်းကူးနေသော နိယာမတရားဖြစ်သည်။

တစ်သက်လုံး ဂီတအနုပညာကို အလေးအမြတ်ပြုနေမယ်၊ မြန်မာမှုနဲ့ မကင်းကွာဘူး၊ သက်ရှိထင်ရှား ရှိနေတုန်း လုပ်နိုင်သလောက် လုပ် သွား မယ်၊ ကျန် တဲ့လူတွေ ဆက် လုပ် ကြဖို့ လိုပါတယ်။

(ဗိုလ်ကလေးတင့်အောင်)

ပရိသတ်ကြီး အားပေးမယ်လို့ မျှော်လင့်ပါတယ်၊ တစ် သက် မှာ တစ်ခါကြုံရတဲ့ ပွဲမို့ အရှယ်နဲ့ မ မှု အောင် ကြိုးစားထားပါ တယ်။

(ဂီတလုလင် မောင်ကိုကို)

မကြာမတင်သောကာလတွင် လောကကိုအလှဆင်မည့် ဂီတနန္ဒဝန် ဥယျာဉ်သာသည် ပေါ်ထွက်လာတော့မည်။ ပေါ်ထွက်ရာနေရာကား စုစုစည်းစည်းရှိနေသော စန္ဒရားဂီတပညာရှင်များ၏ ရင်တွင်းမှဖြစ်၏။ စီစဉ်ကြသူများမှာ ဂီတအနုပညာရှင်များဖြစ်သော ဗိုလ်ကလေးတင့်အောင်နှင့် ဂီတလုလင်မောင်ကိုကိုတို့ ညီအစ်ကိုဖြစ်သည်။

ဂီတနန္ဒဝန် ဂီတပွဲတော်ကြီး ဖန်တီးရှင်များအား ဂီတပွဲတော်ကြီးဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ မြန်မာ့အလင်းက သွားရောက်တွေ့ဆုံမေးမြန်းရာ ဂီတလုလင်မောင်ကိုကိုက ဂီတနန္ဒဝန်ပွဲရယ်လို့ ဖြစ်လာတာက ပြီးခဲ့တဲ့ ကောဒသမအကြိမ် (၁၁ ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အခြေခံပြီး ဖြစ်ပေါ်လာတာပါ။ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကြီးပြီးသွားတော့ စန္ဒရား အကဲဖြတ်ဆရာတွေကို ဂီတဝါသနာရှင်တစ်ဦးက ဒီလိုအကြံပြုပါတယ်။ ဆရာရယ် ကျွန်တော်တို့ ကလေးတွေ တီးနေတာပဲကြားရတယ်။ ဆရာတို့ လူကြီးတွေ တစ်နေရာတည်းမှာ စုစည်းပြီးတီးကြရင် မကောင်းဘူးလား၊ ဆရာတို့ နည်းနာတွေ ကလေးတွေလဲ ရတာပေါ့လို့ အကြံပြုရာက ဒီပွဲဖြစ်လာတာပါ။

စန္ဒရားဆရာအများစုက တကွဲတပြားစီနေပြီး တစ်နေရာစီမှာ တစ်ဝိုင်း တစ်ခေါင်းဆောင် တီးနေရာက စုပေါင်းပြီး တင်ဆက်တဲ့ ကြိုတောင့်ကြိုခဲပွဲပါ။ ဒီပွဲမျိုး ကျွန်တော်တို့ တစ်သက်မှာ ဒီတစ်ခါပဲ ကြုံဖူးတာပါ။

အရင်က အဆိုတော်ကိုမှုတည်ပြီး ဖျော်ဖြေတယ်၊ တီးဝိုင်းသမားကို မဖော်ဘူး၊ အခု နန္ဒဝန်ဂီတပွဲတော်က စန္ဒရားကို အခြေခံတဲ့ပွဲဖြစ်ပါတယ်။ အဆိုတော်တွေကိုလဲ မေတ္တာရပ်ခံထားရတယ်။ ခင်ဗျားတို့ဆိုဖို့ ကျွန်တော်တို့ တီးခဲ့ရတာများပါပြီ။ အခု ကျွန်တော်တို့တီးဖို့ ခင်ဗျားတို့ ဆိုပေးကြပါလို့၊ ပြီးတော့ စန္ဒရားဆရာတွေကိုလဲ ဆရာတို့ လွတ်လွတ်လပ်လပ်တီးပါ၊ ဆရာတို့ စွမ်းပကား အကုန်ပြကြပါ။ မိမိနှစ်သက်တဲ့သီချင်းတီးပါ။ ဆိုစေချင်တဲ့ လူကို ဆိုခိုင်းပါ။ တီးမယ့်သီချင်းနဲ့ အလိုက်ဆုံးအဆိုရှင်ကို မိမိစိတ်ကြိုက် ရွေးချယ်ပါလို့ မှာထားပါတယ်။

ဖျော်ဖြေမယ့် အစီအစဉ်ကတော့ အစုလိုက် အပြုံလိုက် တူရိယာအစုံ တီးခတ်မယ့် အစီအစဉ်၊ တစ်ကိုယ်တော် လက်စွမ်းပြ အစီအစဉ်၊ စည်းနဲ့ဝါး တွဲဖက်မယ့် အစီအစဉ်၊ အဆိုကျော်တစ်ဦးနဲ့ တွဲဖက်ဖျော်ဖြေမယ့် အစီအစဉ်တွေ ဖြစ်ပါတယ်။

ဖျော်ဖြေမယ့် စန္ဒရားပညာရှင်တွေနဲ့ အဆိုကျော်တွေကတော့ စန္ဒရား ချစ်ဆွေ–မောင့်အချစ်မြားရူး၊ ရွှေလည်တိုင်(ဆို)အိအိချို၊ စန္ဒရားမောင်ရည်နွယ်–ကန္တာတောခြေ၊ စန္ဒရား အတီးနှင့် စည်းဝါးတွဲဖက်မည်၊ တောမြိုင်စွန်းက လွမ်းအောင်ဖန်(ဆို) ရီရီသန့်၊ စန္ဒရားစိန်သောင်း–မိုး(ဆို)ရာဇာဝင်းတင့်၊ ချစ်ရေစင် (ဆို)ဖြူသီ၊ စန္ဒရားတင်ဝင်းလှိုင်–ချစ်ကြွေးဆပ်–ကိုယ်တိုင်ရေး၊ဆို၊တီး၊ မြနဒီ (ဆို)နှင်းရည်သန့်၊ စန္ဒရားနီနီ–ရတနာပုံ (ဆို)ကေတုဝင်းထွဋ်၊ မလွမ်းသောမျက်ရည်(ဆို) အလင်္ကာဝတ်ရည်မောင်မောင်အေး၊ စန္ဒရားမောင်ခင်လှ–ရွှေသဇင်(ဆို)ရန်ပိုင်စိုး၊ စန္ဒရားမောင်လှအေး–စန္ဒကိန္နရီ(ဆို)စိုးစန္ဒာထွန်း၊ စန္ဒရား ဘိုတာထွန်းညွန့်–တေးနိဒါန်းသဝဏ်လွှာ(ဆို) ရီရီသန့်၊ ကိုယ့်ရပ်ဌာနေကိုယ်တိုင်ဆို၊ စန္ဒရားမောင်တင်လှ–ဂျမ်းဆိုသော ဂျင်မလေး(ဆို)ခင်မျိုးအေး၊စန္ဒရားငွေစိုး–ဆောင်းရယ်နှင်းရယ်ကိုယ့်ချစ်သူရယ်၊စုံတောမြိုင်ကိုယ်တိုင်ဆို၊စန္ဒရားကွန်းဇော်–မောင့်ကိုချစ်ဖို့ မွေးဖွားလာပါတယ် (ဆို) တက္ကသိုလ်လဲ့လဲ့၊ စန္ဒရားမျိုးနိုင်–တူရိယာလုလင်၊ သူနဲ့သာ (ဆို)သန်းမြတ်စိုး၊ စန္ဒရား မော်မော်ထွန်းညွန့်–စာဆိုစစ်သူ(ဆို) ကေတုဝင်းထွဋ်၊ ကျေးစေတမန်(ဆို) ထားတို့ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဂီတနန္ဒဝန်အဖွင့်တေး၊ လယ်တောကအပြန် (ဆို) သုမောင်နဲ့ ဖိုးသောကြာ၊ လျှပ်ပန်းခွေ၊ ယမုံနာ၊ ပန်းမြိုင်လယ်သီချင်းကို တင်တင်မြနဲ့ တွဲဖက်သီဆိုထားပါတယ်။

ကျွန်တော်အပါအဝင် စန္ဒရားဆရာ ၁၄ ဦး ပါဝင်ပါမယ်။ ဒီ ၁၄ ဦးကို ဘာကြောင့်ရွေးထားရသလဲဆိုတော့ ရန်ကုန်မှာရှိတဲ့လူ၊ လက်လှမ်းမီရာလူကို ရွေးတဲ့သဘောတော့ မဟုတ်ပါဘူး၊ အချိန်ကနည်းတော့ သီချင်း မြန်မြန်တိုက်နိုင်မယ့်လူကို စုစည်းရတဲ့အတွက်ကြောင့်ပါ။ အမှန်ဖြစ်သင့်တာက တစ်နိုင်ငံလုံးမှာရှိတဲ့ စန္ဒရားပညာရှင်တွေ ပါဝင်သင့်ပါတယ်။ တစ်နိုင်ငံလုံးမှာ စန္ဒရားပညာရှင်တွေ အများကြီးရှိပါတယ်။ ရန်ကုန်မှာ တော်တဲ့လူရှိသလို မန္တလေးတို့၊ စစ်ကိုင်းတို့မှာလဲ တော်တဲ့ စန္ဒရားပညာရှင်တွေ အများကြီးရှိပါတယ်။ သူတို့တွေ ပါဝင်စေချင်ပါတယ်။ ဒီပွဲအောင်မြင်လို့ နောက်ထပ်လုပ်ရင် ကျန်တဲ့ပညာရှင်တွေ ပါအောင် ကြိုးစားသွားပါမယ်။

တင်ဆက်မှုအပိုင်းမှာ ဘဲလေးတို့ အော်ပရာတို့လို လိုက်ကာ မထားပါဘူး။ စန္ဒရားလောကမှာ အထင်ရှားဆုံးဖြစ်တဲ့ ပုဂ္ဂိုလ်နှစ်ဦးပုံကို နောက်ခံထားမယ်။ အဲဒီပုဂ္ဂိုလ်တွေက ဆရာရွှေပြည်အေးနဲ့ ဆရာအေဝမ်း ခင်မောင်ပါ။ သူတို့ကြောင့် ကျွန်တော်တို့ ဒီလောကကို ရောက်တာပါ။ ဒါ့ကြောင့် ဂါရဝပြုတဲ့အနေနဲ့ထားတာပါ၊ ဆရာရွှေပြည်အေးရဲ့ မိုး၊ ကျေးစေတမန်၊ ချစ်ရေစင် သီချင်းတွေက စန္ဒရားနဲ့ သိပ်တီးလို့ကောင်းတဲ့ သီချင်းတွေပါ။ သူတို့ အခုမရှိကြတော့ပေမယ့် ရှိစဉ်ကလို တန်ဖိုးထားပါတယ်။ သူတို့ ခုထိရှိမယ်ဆိုရင်လဲ ဒီပွဲမျိုးမှာပါဝင်မှာပါ။ ဆရာရွှေပြည်အေးဆိုရင် ၂၀၀၈ ခုနှစ်ဆိုနှစ် (၁၀၀) ပြည့်ပါပြီ။ ရှိသင့်ရက်နဲ့ မရှိတော့တဲ့ စန္ဒရားလုထွတ်တို့၊ စန္ဒရား အောင်ခင်တို့၊ စန္ဒရား ထွန်းညွန့်တို့ကိုလဲ အမှတ်တရ

ကျွန်တော်က မြနဒီနဲ့ ချစ်ကြွေးဆပ်ကို ရွေးထားပါတယ်။ ချစ်ကြွေး ဆပ် က ကာ လ ပေါ်ခေတ်သီချင်းပါ။ အကြောင်းအရာ အစုံ၊ အသံစုံ၊ အတီး စုံအောင် ကြိုးစားထားပါတယ်။

(စန္ဒရားတင်ဝင်းလှိုင်)

ရှိစေချင်ပါတယ်။ ဒါကြောင့် သူ့သားနဲ့ သူ့သမီးဖြစ်တဲ့ ဘိုတာထွန်းညွန့်နဲ့ မော်မော်ထွန်းညွန့်တို့ကို ထည့်ထားတာပါ။ သူတို့အဖေ နာမည်ကြီးခဲ့တဲ့သီချင်း တီးမှာပါ။ ပညာနဲ့ သူတို့အဖေကို ကန်တော့မှာပါ။ အဟောင်းကို အခြေခံလို့ အသစ်ဖြစ်ပေါ်လာတယ်။ မိဘရှိလို့ သားသမီး ဆိုပြီး ဖြစ်လာရတယ်။ ဒီလိုပဲ ဂီတဆိုတာ ပင်စည်၊ ဒီလို အကိုင်းအခက်အလက်တွေ အပွင့်တွေနဲ့ မွှေးပျံ့ကြိုင်လှိုင်လာတာဖြစ်ပါတယ်။ ဒီလိုမွှေးပျံ့တဲ့ရနံ့တွေရှိလို့ လူသားတွေ ခံစားသုံးဆောင်ကြရတယ်ဆိုတဲ့ သဘောသဘာဝ ပါအောင် ထည့်ထားတာပါ။

ဂီတကိုအလေးအမြတ်ပြုသူတိုင်း မြန်မာမှုနဲ့ ကင်းကွာလို့ မရပါဘူး၊ လာရောက်အားပေးတဲ့ ပရိသတ်ကြီးထဲမှာ မြန်မာသီချင်းနှစ်သက်တဲ့လူအများစုဖြစ်မယ်လို့ ယုံကြည်ပါတယ်။ စန္ဒရားသံကို သာသာယာယာ မကြားရတာ ကြာပါပြီလို့ဆိုတဲ့ ပရိသတ်ကြီးအတွက် ကျွန်တော်တို့ အားလုံးကြိုးစားထားပါတယ်။ လူငယ်၊ လူလတ်၊ လူကြီး ကြိုက်အောင် စီစဉ်ထားပါတယ်၊ အရွယ်သုံးပါးလုံး နှစ်နှစ်ခြိုက်ခြိုက် လက်ခံတယ်ဆိုရင် ကျွန်တော်တို့ ကြိုးစားရကျိုး၊ အပင်ပန်းခံရကျိုးနပ်ပါပြီလို့” ဆရာဦးကိုကိုက မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာ့ဂီတသမိုင်းတွင် တစ်ကြိမ် တစ်ခါမျှ မပေါ်ဘူးသေးသော နိုင်ငံကျော်ဂီတပညာရှင်များ စုစည်းတင်ဆက်သော (၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ထူးထူးကဲကဲ ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးကို မတ် ၂၀ ရက်နှင့် ၂၁ ရက် ည ၇ နာရီတွင် အမျိုးသားကဇာတ်ရုံကြီး၌ ကျင်းပမည့်အကြောင်း သတင်းစကားပါးအပ်ပါသည်။ ။

(မြန်မာ့အလင်း)

ဂီတနန္ဒဝန်ဂီတပွဲတော်ဖျော်ဖြေရန်အတွက် သီချင်းတိုက် လေ့ကျင့်နေကြသော ဂီတနန္ဒဝန်ဝိုင်းတော်သားများ။ (ဓာတ်ပုံမှတ်တမ်း–တက္ကသိုလ်ဟန်စိန်)

ကျောင်းထိုင်ဆရာတော်များအား ကြိုဆိုပူဇော်ပွဲနှင့် ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၂

တာချီလိတ်မြို့ မကာဟိုခမ်းရပ် မဟာမြတ်မုနိ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာမိ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘွဲ့တံဆိပ်တော်နှင့် အောင်မင်္ဂလာ တောရဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (သဒ္ဓမ္မဇောတိကဓဇ) ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့အား ကြိုဆိုပူဇော်ပွဲအခမ်းအနားကို တာချီလိတ်မြို့လေဆိပ်၌ မတ် ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဘွဲ့ခံဆရာတော် နှစ်ပါးအား တာချီလိတ်လေဆိပ်၌ နဂါးနှစ်ကောင် ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသိရိ အမှူးပြုသော သံဃာတော်အပါး ၃၀၀ နှင့် တာချီလိတ်မြို့မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ဂေါပကအဖွဲ့များနှင့် မြို့လူထုအင်အား ၅၀၀၀ခန့်တို့ တက်ရောက် ကြိုဆိုပူဇော်ပြီး ကရဝိက်ဖောင်တော်ဖြင့်မဟာမြတ်မုနိဓမ္မောဒယ ပရိယတ္တိစာသင်တိုက်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ထို့နောက် မတ် ၁၀ရက် နံနက် ၉ နာရီခွဲတွင် ဘွဲ့ခံဆရာတော်နှစ်ပါးအား နဂါးနှစ်ကောင် ဆရာတော်ကြီး ကြီးမှူး၍ သိက္ခာထပ်၊ ကံထပ် မင်္ဂလာနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို မဟာမြတ်မုနိ ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ဆက်လက်ကျင်းပသည်။

ဩဝါဒကထာ

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်မိသားစုက လှူဒါန်းသော သင်္ကန်းနှင့်လှူဖွယ် ဝတ္ထုများကို တိုင်းမှူး ကိုယ်စား ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဆက်ကပ် လှူဒါန်းပြီး နဂါးနှစ်ကောင် ဆရာတော်ကြီးက ဩဝါဒကထာ ချီးမြှင့်၍ မဟာမြတ်မုနိဆရာတော်ကြီးက အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

ဆက်ကပ်

အခမ်းအနား၏ ပစ္စည်းလေးပါး ဒါယကာအဖြစ် တာချီလိတ်မြို့ အဆွေတော် မီနီမတ်နှင့် ရွှေငါး အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင် တာချီလိတ်မြို့ မကာဟိုခမ်းရပ်နေ ဦးမောင်လေး၊ ဒေါ်နန်းကိန်မိသားစုတို့က တာဝန်ယူပြီး အခမ်းအနားအပြီးတွင်ပင့်သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**





MYANMAR INTERNATIONAL TERMINALS THILAWA LTD.
BERTH 5-9, THILAWA, KYAUKTAN TOWNSHIP, YANGON.

INVITATION OF SEALED TENDER FOR DERRICK BARGE

MITT INTENDS TO SELL ONE DERRICK BARGE IN A AS IS CONDITION AND INVITES SEALED TENDERS FOR SALE.

SPECIFICATION:

TYPE	: LL II DUMB STEEL LIGHTER ONE HOLD/SINGLE DERRICK
GROSS/NET TONNAGE	: 1388 TONS/ 971.6 TONS
LENGTH OVERALL/BREADTH	: 44.50 METERS / 16.15 METERS
ENGINES	: (1) MAIN DERRICK ENGINE – GARDNER 240 HP (2) MOORING/ WINCH ENGINE – GRANDER 150 HP (3) GENERATOR ENGINE – GRANDER 60 HP
LIFTING GEAR	: ONE SINGLE DERRICK WITH SWL 40 TONS

BID BOND : FEC 1000 (MUST BE DEPOSITED BEFORE CLOSING TIME)

CLOSING DATE/ TIME : 19 MARCH 2004 (FRIDAY), 5:00 P.M

BIDS IN SEALED ENVELOPS MARKED AS " TENDER FOR BARGE " MUST BE REACHED TO MITT OFFICE BEFORE TENDER CLOSING TIME. TENDER FORMS AND DETAILED INFORMATION ARE AVAILABLE AT MITT OFFICE. PLEASE CONTACT PHONE NO. 056-25250, 056-25252 IF FURTHER INFORMATION IS REQUIRED.

TENDER COMMITTEE (MITT)

မိသားစုလွှဲပို့ငွေ ထုတ်ပေးမည့်ရက် ကြေညာခြင်း

ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီ ကုမ္ပဏီလီမိတက်မှ တာဝန်ယူစေလွှတ်ခဲ့သော မလေးရှားနိုင်ငံရှိ လုပ်သားများအနက် အကြွေးကျေပြီး ငွေလာရောက်ထုတ်ယူရန် အကြောင်းကြားစာပို့ပြီးသူများ၏ မိသားစုလွှဲပို့ငွေများကို ၂၀၀၄ ခုနှစ် မတ်ရက်မှစ၍ ထုတ်ပေးမည်ဖြစ်ရာ သက်ဆိုင်ရာ မိသားစုဝင်များသည် အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ အိမ်ထောင်စုဝင်စာရင်း၊ ကိုယ်စားလှယ်လွှဲစာနှင့် သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထောက်ခံချက်များ၊ ငွေလွှဲပို့သည့် အထောက်အထားများနှင့်အတူ ရွှေအင်းဝရုံး(အောင်ဆန်း)တွင် လာရောက်ဆက်သွယ်ထုတ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၆၄၂၄၇၃နှင့် ဖက်စ်-၆၄၂၈၀၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၂

မော်လမြိုင်မြို့ လယ်တီမူ အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ခွဲမှ(၁၄)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ မော်လမြိုင်မြို့ ပညာရေးကောလိပ်တွင်ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ ဥက္ကဋ္ဌ ဆရာကြီးဦးတင်ဦး အမှတ် ၁၄၅ ရာဇဓိရာဇ်လမ်း မြိုင်သာယာ၊ အတွင်းရေးမှူးဒေါက်တာ သောင်းမြင့် ဖုန်း-၀၅၇-၂၂၈၉၉နှင့် မော်လမြိုင်ပညာရေးကောလိပ် ကာယဌာနမှ ဆရာဦးမင်းပန်းအေးထံ ဧပြီ ၁၀ ရက်ညနေ ၄ နာရီထက်နောက်မကျစေဘဲ ဆက်သွယ်စခန်းဝင်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

(က-ပ)



မြဝတီရုပ်မြင်သံကြား

၁၃-၃-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် **"ဝေဒနာနုပဿနာ သတိပဋ္ဌာန်"**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၄၀ ၇။ မြန်မာသံစဉ်ချိုနှာဝင်
- ၄:၅၀ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Application of demand and supply (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
- ၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာစူး၊ မယ့်ရွှေနဖူးစာ"** အပိုင်း(၁၃)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ English Premier League ဘောလုံးပွဲ Blackburn Vs Arsenal
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား

ကဝမြို့ပေါက်ကုန်း–ဇွဲကိုက်ကျေးလက်လမ်းဖွင့်

ကဝ မတ် ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဋ္ဌေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၀ရက်က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကဝမြို့နယ်စည်ပင်သာယာ ရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ပေါက်ကုန်း–ဇွဲကိုက် ကျေးလက်လမ်း ဂဝံလမ်းသစ်အပိုင်း(၁)ကို တက်ရောက် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)**

ကျေးဇူးတင်စကားပြော

ဖွင့်ပွဲတွင် ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရိုန်က လမ်းနှင့် ပတ်သက်သည့် အချက်အလက်များရှင်းလင်းတင်ပြပြီး ပေါက်ကုန်းကျေးရွာ ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

တာဝန်ယူဆောင်ရွက်

အဆိုပါလမ်းမှာ အရှည်လေးမိုင်ခွဲရှိပြီး လမ်းအပိုင်း(၁)တွင် အရှည်တစ်မိုင်၊ အကျယ် ရှစ်ပေရှိဂဝံလမ်းဖြစ်ပြီး နိုင်ငံတော်က ကျပ်သိန်း ၈၀ အကုန်အကျခံကာ ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

ဝေါမြို့အထက အာစရိယပူဇော်မည်

ဝေါ မတ် ၉

ဝေါမြို့နယ်အထက ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၈ရက် (တနင်္လာနေ့)နံနက် ၈ နာရီတွင်ဝေါမြို့ ရတနာဦးခန်းမတွင်ကျင်းပမည်ဖြစ်ရာ ဦးစိန်ဘွင့် (အငြိမ်းစား) ကျောင်းအုပ် ဆရာကြီးနှင့် ဆရာဆရာမကြီးများအားလုံး တက်ရောက် အပူဇော်ခံကြရန်နှင့် လှူဒါန်းလိုသော ကျောင်းသားကျောင်းသူဟောင်းများသည်ဦးတင်လှအောင် ဖုန်း–၅၇၈၁၃၄၊ ဦးတင်စိုး ဖုန်း–၅၂၄၁၈၇၊ ဦးရွှေလှဝင်း ဖုန်း–၅၇၀၅၉၃၊ ဦးစန်းရွှေ ဖုန်း–၀၅၂–၂၁၄၆၃၊ ဦးနီစစ် ဖုန်း–(ဝေါ–၁၉၅)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဖေဖော်ဝါရီ ၁၂ရက်က မြစ်ကြီးနားခရိုင် ဆင်ဘို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ အလှူရှင်များက စာအုပ်နှင့် ပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က မဂ္ဂဇင်းစာအုပ်များ လှူဒါန်းစဉ်။

(ခရိုင် ပြန်/ဆက်)

ကျေးလက်ကျောက်ချောလမ်းခင်း

မန်စီ မတ် ၄

မန်စီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ ဦးဝဏ္ဏနှင့် တာဝန်ရှိသူများသည် နမ့်လင်းပါ–စီခမ်းကြီးကျေးလက်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၇ရက်ကစည်ပင်သာယာရေးအဖွဲ့၏ ဆောင်ရွက် လုပ်ကိုင်လျက်ရှိသော လမ်းကိုကြီးကြပ်လုပ်ကိုင်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မတ္တရာမြို့နယ်မီးဘေးကာကွယ်ရေးဆောင်ရွက်

မတ္တရာ မတ် ၅

မတ္တရာမြို့နယ် မီးသတ်ဦးစီးဌာနက နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုစီမံချက်ချလုပ်ဆောင်လျက်ရှိရာ စက်ရုံအလုပ်ရုံနှင့် လူနေအိမ်များ၌ မီးဘေးကြိုတင်ကာကွယ် ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ပညာပေးဟောပြောခြင်း၊ မီးကို စနစ်တကျ ဂရုပြုသုံးစွဲကြရန် အသံချဲ့ စက်ဖြင့် လှည့်လည်ကာ သတိပေးနှိုးဆော်ခြင်း မီးငြိမ်းသတ်ရေး စက်ကိရိယာပစ္စည်းများ ကြံ့ခိုင်မှုအခြေအနေများကို နေ့စဉ်စမ်းသပ်စစ်ဆေးခြင်းနှင့် ရေသိုလှောင်ကန်များတွင် ရေအလုံအလောက် အသင့်ရှိနေစေရေးကို မြို့နယ်မီးသတ် ဦးစီးမှူး ဦးစောလွင်မြင့်နှင့် တာဝန်ရှိ တပ်ဖွဲ့ဝင်များက ဒေသခံအရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြကြောင်းသိရသည်။ **(၃၆၄)**

မီးသတ်ယာဉ်အတွက် ငွေလှူဒါန်း

ခင်ဦး မတ် ၅

ခင်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ မီးသတ်ယာဉ်အတွက် ငွေလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၈ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးညွန့်မြိုင်က အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင်မြို့မိမြို့ဖဥက္ကဋ္ဌ ဒေါက်တာလှမြင့်လွင်က ငွေကျပ် ၅၀၀၀၀ တန် ဘက်ထရီအိုးတစ်လုံးကို မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ ဦးစန်းဦးထံသို့ လွှဲပြောင်းလှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုလောမြို့အမှတ် (၂)ရပ်ကွက်၊ ခရေပင်လမ်းအား ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးစံငွေနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်လွင်တို့က တက်ရောက် ဖွင့်လှစ်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

ကျိုက်ထို မတ် ၆

ကျိုက်ထိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးမောင်ညိုနှင့် ဝန်ထမ်းများ ဖေဖော်ဝါရီ၇ရက်က ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(က–ပ)**

ဘုတလင်မောက်တက်ကျေးရွာ ပညာဗိမာန်စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

မုံရွာ မတ် ၃

မုံရွာခရိုင် ဘုတလင်မြို့နယ် မောက်တက်ကျေးရွာ၏ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲနှင့် ပညာဗိမာန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက်က မူလတန်းကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပ သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

စစ်ကိုင်းတိုင်း အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သန်းဝင်းတို့က ပညာဗိမာန်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အမကကျောင်းဆောင်သစ်အား တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်လှဌွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးအရာရှိ ဦးတင်သန်းဝင်းတို့က အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

အဆိုပါ ကျပ်၄၂သိန်းတန် အမကကျောင်းဆောင်သစ်အားအမကကျောင်းအုပ်ဆရာကြီးဦးမြင့်လွင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့်စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်လှဌွေးထံသို့ လည်းကောင်း၊ စာကြည့်တိုက်နှင့် ပတ်သက်သည့် စာရွက် စာတမ်းများကို ကျေးရွာစာကြည့်တိုက်မှူးဦးသိန်းထွန်းက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးတင်သန်းဝင်းထံသို့ လည်းကောင်း လွှဲပြောင်းပေးအပ်ပြီး ကျေးရွာစာကြည့်တိုက်အတွက် အလှူရှင်များက စာအုပ်များနှင့်ပရိဘောဂများပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ပြင်ဦးလွင်မြို့နယ် မြိုင်ကြီးအမက ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

ပြင်ဦးလွင် မတ် ၅

အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ၊ ပညာရေးဆောင်ပုဒ်ဖွင့်ပွဲနှင့် ၇၅၂၃၂၃ ကျပ်တန် ပညာရေးဌာနသို့ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၈ရက်က ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု မြိုင်ကြီး ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာကျောင်းဆောင်သစ်အား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ အမှတ်(၂)အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒုတိယဗိုလ်မှူးကြီး ဝင်းထိန်၊ ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပညာရေးဆောင်ပုဒ်ကို ကျောင်းသားကျောင်းသူများက မြန်မာ့သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြသည်။

ကုန်ကျ

အဆိုပါ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖြစ်မြောက်ရေးအတွက် ပြင်ဦးလွင်မြို့နယ် ဥက္ကဋ္ဌ ဦးပါစည်က ကြီးကြပ်ပြီး မတည်ငွေကျပ် ၁၀သိန်းလှူဒါန်းကာ ပြည်သူနှင့် ကျေးရွာလူထု ထည့်ဝင်ငွေကျပ် ၆၅၂၃၂၃ သိန်းကုန်ကျကြောင်း သိရသည်။ **(၂၈၀)**

ရွှေနတ်တောင်–ကျီးသဲလမ်းကျေးလက်ကတ္တရာခင်း ပဲခူးအနောက်ပိုင်းစည်ပင်ညွှန်မှူးကြည့်ရှုစစ်ဆေး

ရွှေတောင် မတ် ၇

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့သည်ဖေဖော်ဝါရီ ၂၆ရက်က ရွှေတောင်မြို့နယ်အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ရွှေနတ်တောင်–ကျီးသဲကျေးလက်လမ်းကတ္တရာခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

လုပ်ငန်း ဆောင်ရွက်မှုများကို တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းက ရှင်းလင်းတင်ပြရာညွှန်ကြားရေးမှူးက လမ်းအရှည်အသွေးပြည့်မီရေး အလေးပေးဆောင်ရွက်ရန် လမ်းဘေးမိုင်တိုင်များ စိုက်ထူရေးနှင့် လမ်းပခုံးမြေနိကပ်ခြင်းလုပ်ငန်းများအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေး မှာကြားသည်။ **(၁၁၆)**

ဖေဖော်ဝါရီ ၁၆ရက်က လှိုင်းဘွဲ့မြို့နယ်ကွမ်တာကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရာ မြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသိန်းလွင်ကကျောင်းသားကျောင်းသူ၁၈၂ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာကြီးဦးစောအုန်းတင်သို့ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

သန်လျင်နှင့် ကျောက်တန်းမြို့နယ် ဒေသဖွံ့ဖြိုးရေး တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေစစ်ဆေး လုပ်ငန်းများ စံချိန်စံညွှန်းမီအမြန်ပြီးစီးရေးဆောင်ရွက်ရန် မှာကြား

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၀ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့သို့ သွားရောက်၍ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နှင့်အဖွဲ့သည် ရန်ကုန်-သန်လျင် အမှတ်(၂)တံတားမှ သီလဝါစက်မှုဇုန်လမ်းသို့ ဆက်သွယ်သည့် ခြောက်လမ်းသွားလမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းရုံးသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူးကြီး ဦးညွန့်မောင်စန်းက ရန်ကုန်-သန်လျင် အမှတ်(၂)တံတားမှ သီလဝါစက်မှုဇုန်လမ်းသို့ ခြောက်လမ်းသွားလမ်းမကြီး ဖောက်လုပ်ခြင်းစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်-သန်လျင် အမှတ်(၂) တံတားမှ သီလဝါစက်မှုဇုန်လမ်းသို့ ခြောက်လမ်းသွားလမ်းမကြီး ဖောက်လုပ်ခြင်းလုပ်ငန်း၏ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်များ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေရရှိရေးအတွက် အကျိုးရှိစွာအသုံးပြုနိုင်ရန် လမ်းဖြစ်မြောင်းဖြစ် စနစ်တကျဆောင်ရွက်ရေးနှင့် လုပ်ငန်းများ စံချိန်စံညွှန်းမီဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ရန်ကုန်-သန်လျင် အမှတ်(၂)တံတား တည်ဆောက်ရေးစီမံကိန်း သန်လျင်မြို့နယ်ဘက်ကမ်းမှနေ၍ တံတားကြီးတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တံတားတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ရန်ကုန်-သန်လျင် အမှတ်(၂)တံတားမှ သီလဝါစက်မှုဇုန်လမ်းသို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် လမ်းပေါ်ရှိ ငစိန်ချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၁၆)မှ တာဝန်ရှိသူများက ငစိန်ချောင်းကူးတံတားစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ တံတားတည်ဆောက်ရေးလုပ်ငန်းများကို စံချိန်စံညွှန်းမီ အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ရန်ကုန်-သန်လျင် အမှတ်(၂) တံတားမှ သီလဝါစက်မှုဇုန်လမ်းသို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် ခြောက်လမ်းသွား လမ်းမကြီးအား စက်ယန္တရားကြီးများဖြင့် မြေသားလမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ရန်ကုန်-သန်လျင် အမှတ်(၂)တံတားမှ သီလဝါစက်မှုဇုန်လမ်းအထိ အရှည် ၁၀ မိုင် ၂ ဖာလုံရှိ ခြောက်လမ်းသွားလမ်းမကြီးကို အရည်အသွေးစံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ရန်ကုန်-သန်လျင် အမှတ်(၂)တံတားမှ သီလဝါစက်မှုဇုန်လမ်းသို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် ခြောက်လမ်းသွားလမ်းမကြီးပေါ်ရှိ ဘော့ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား စံချိန်စံညွှန်းမီ လုပ်ငန်းများ အမြန်အပြီးသတ်ဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ဘော့ချောင်းတံတားပေါ်မှနေ၍ ဘော့ချောင်းကမ်းဘေး ဝဲ/ယာ၌ နွေစပါးစိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ခြောက်လမ်းသွားလမ်းမကြီး၏ ရန်ကုန်-သန်လျင်အမှတ်(၂)တံတားမှ အမှတ်(၆) လမ်းမကြီးအထိ အပိုင်း၌ အရှည် ၅မိုင် ၆ဖာလုံ မြေသားလမ်းဖောက်လုပ်ပြီးစီးမှုနှင့် လမ်းမကြီးပေါ်ရှိ Box Culvert လေးခု တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ကျောက်တန်းမြို့နယ် ညောင်ပိုင်း စိုက်ပျိုးရေးပညာပေးစခန်းသို့ရောက်ရှိပြီး ဘန့်ဘွေးကုန်းဆည်ရေသောက် နွေစပါးပန်းတိုင်အထွက်နှုန်း အထူးဇုန်ကေ ၂၀၀ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကျောက်တန်းမြို့နယ် ညောင်ပိုင်း စိုက်ပျိုးရေး ပညာပေးစခန်းရှိ ဘန့်ဘွေးကုန်းဆည် ရေသောက် နွေစပါး ပန်းတိုင်အထွက်နှုန်း အထူးဇုန်ကေ ၂၀၀အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(ရန်ကုန်တိုင်း)

မတ်၇ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄၆) ရပ်ကွက်မင်္ဂလာသုခ(၁)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ချောခင်းရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးတိုးမြင့်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးထွန်းနိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးလေး၊ လမ်းဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးမြင့်သောင်းတို့က မင်္ဂလာပန္နတ်တိုင်များ ရိုက်သွင်းပေးကြစဉ်။

(က-ပ)

ရေကူးမြို့မကျောင်း ဦးတိလောက(ပွင့်ဖြူ) မိုးကုတ်တရားပွဲ

ရန်ကုန် မတ် ၁၂

ရန်ကုန်မြို့ ကမ္ဘာအေး ရေကူးမြို့မကျောင်းမှ သာသနာပြု နယ်လှည့် ဓမ္မကထိက ဦးတိလောက(ပွင့်ဖြူ) သည် မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် ဝိနယာဓိက စာဖြေဌာန သာသနာ့ဟိတဓမ္မာရုံတွင် တန်ခူးလဆုတ် ၇ရက်မှ ၁၃ရက် (ဧပြီ ၁၁ရက်မှ ၁၇ ရက်)အထိ ကျင်းပမည့် သင်္ကြန်အထူးတရားစခန်းပွဲတွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၂

ကျိုက်လတ်မြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို မတ် ၇ ရက် နံနက် ၉နာရီက ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် ကျောင်းကြီးလမ်းထောင့် အမှတ်(၉)ရှိအသင်းရုံးခန်းမတွင် ကျင်းပသည်။

မှတ်တမ်းလွှာ

ရှေးဦးစွာ သဘာပတိ ဗိုလ်မှူးကြီး မောင်ညိမ်း(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားပြီး အသက်(၇၅)နှစ်အထက် အဘိုးအဘွား ၂၈ ဦးတို့အား ပူဇော်ကန်တော့ကြသည်။ ထို့နောက် နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ အသင်းသား ခုနစ်ဦးတို့အား အသင်းနာယက (အငြိမ်းစား) သံအမတ်ကြီး ဦးမောင်မောင်စိုးတင့်က ဂုဏ်ပြုလက်ဆောင်နှင့် မှတ်တမ်းလွှာများ ပေးအပ်သည်။

ဆုချီးမြှင့်

ဆက်လက်၍ အသင်းဥက္ကဋ္ဌက တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရကျောင်းသားများအား ဂုဏ်ပြုလွှာနှင့် ဆုများချီးမြှင့်သည်။

(အပေါ်ပုံ) (က-ပ)

မတ်၆ရက်က ရန်ကုန်မြောက်ပိုင်း ခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား လုပ်ငန်းကဏ္ဍများ ရှင်းလင်းပွဲကို မတ် ၆ ရက်က မင်္ဂလာဒုံမြို့နယ် အထက(၁) မြရောခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးမြင့် အမှာစကား ပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)





ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ဖြန့်ချိရေး ကျား/မ ၁၀ ဦး

လျှောက်ထားသူသည် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ လေဘာမိတ္တူ၊ ကာလာလိုင်စင်ဓာတ်ပုံ လေးပုံနှင့်အတူ ၂၀–၃–၂၀၀၄ ရက်နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

လျှောက်ထားရန်လိပ်စာ

Sun & Moon (Advertisement Occupation)

အမှတ်၁၅၃၊ဝိဇ္ဇာညီနောင်လမ်း၊ ကိုးမိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(၁) တာဝန်ခံအင်ဂျင်နီယာ B.E. (Civil) (ကျား) ၁ ဦး
လုပ်သက် (၁၅)နှစ်နှင့်အထက်ရှိသူ

(၂) အင်ဂျင်နီယာ B.E. (OR) A.G.T.I (Civil) (ကျား) ၃ ဦး
လုပ်သက် ခုနစ်နှစ်နှင့်အထက်ရှိသူ

ဤစီမံကိန်း၌ (၂)နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ပြီး ကိုယ်ရေးအကျဉ်းချုပ်၊ ဘွဲ့လက်မှတ် အထောက်အထားမိတ္တူများ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ ဓာတ်ပုံနှစ်ပုံနှင့်တကွ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ရွှေမြယာအိမ်ရာစီမံကိန်း
မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ဖုန်း–၂၄၄၃၅၇

ရန်ကုန်ထမင်းချိုင့်
အိမ်အရောက်ပို့ပြီ (ည+မနက်)
၃၀၀၀၀ိ/-
ဖုန်း-၆၆၄၅၁၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊
နည်းဥပဒေ ၁ နှင့် ၅
တွဲဖက်တိုင်းတရားသူကြီး (၂)
ရန်ကုန်တိုင်းတရားရုံး၊ တရားမရုံး၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၈

ဒေါ်ယဉ်ယဉ်ထွေး **နှင့်** ၁။ ဒေါ်လီ (ခ)ဒေါ်ရွှေယဉ်မြင့်
၂။ ဒေါ်ခင်လေးယု
၃။ ဒေါ်ဖွားရင်၊ ၄။ ဦးရှိန်ဝင်း

တရားလို **တရားခံ**

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၄၁လမ်း၊ (ယာဘက်ခန်း) တတိယထပ်၊ တိုက်အမှတ် ၄၇ နေ ၁။ ဒေါ်လီ(ခ)ဒေါ်ရွှေယဉ်မြင့် ၂။ ဒေါ်ခင်လေးယု၊ ၃။ ဒေါ်ဖွားရင် (ယခုနေရပ်လိပ်စာမသိ)နှင့် ၄။ ရန်ကုန်မြို့ စဉ့်အိုးတန်းလမ်း၊ အမှတ် ၆၁၊ တက်လမ်းဆောက်လုပ်ရေးနေ ဦးရှိန်ဝင်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ယဉ်ယဉ်ထွေးက ကျောက်တံတားမြို့နယ်ရှိ အဆောက်အအုံ ဒုတိယထပ်ရှိ တရားလိုလက်ရှိထားပိုင်ခွင့်ရှိသောတိုက်ခန်း ဖြစ်ကြောင်း မြွက်ဟဆေရန်နှင့် တရားလိုထံမှကျသင့်ငွေကို လက်ခံရန် အာဏာတ္တိက တားဝရမ်းထုတ်ပေးရန်နှင့်လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ်၊မတ်လ၂၅ရက်(၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၅ရက်)နေ့ မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည် သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မတ်လ ၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တရားသူကြီး (၂)
ရန်ကုန်တိုင်းတရားရုံး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
အမှတ်(၅၆)၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန ပရဆေးဥယျာဉ်နှင့် ဆေးဝါး ဌာနခွဲတွင် လစ်လပ်လျက်ရှိသော ဒု–ဦးစီးမှူး(ဥယျာဉ်) လစာနှုန်း– (၅၄၀၀–၁၀၀–၅၉၀၀) ရာထူးနေရာ (၃)နေရာအတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) စိုက်ပျိုးရေးပညာ ဒီပလိုမာဘွဲ့ ရရှိထားသူဖြစ်ရမည်။
(ဂ) ၁၅–၃–၂၀၀၄ရက်နေ့တွင် အသက် ၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်ထက် မကျော်သူဖြစ်ရမည်။)
(ဃ) အလုပ်သမား မှတ်ပုံတင်မိတ္တူ ပါရှိရမည်။
(င) လုပ်ငန်းတာဝန်အရ အမျိုးသားနှင့်သာ သင့်လျော်ပါသည်။

၂။ လျှောက်လွှာကို တိုင်းရင်းဆေးပညာ ဦးစီးဌာနရုံးချုပ်၊ ဝန်ထမ်းရေးရာ ဌာနခွဲသို့ ၃၀–၃–၂၀၀၄ ရက်နေ့ အရောက်ပေးပို့ရမည်။

၃။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲ မှတစ်ဆင့် ဝန်ကြီးဌာန ခွင့်ပြုချက်ရယူပြီး တိုင်းရင်းဆေးပညာ ဦးစီးဌာနရုံးချုပ်၊ ဝန်ထမ်းရေးရာ ဌာနခွဲသို့ ၃၀–၃–၂၀၀၄ရက်အရောက်ပေးပို့ရမည်။ လျှောက်လွှာမိတ္တူ တစ်စောင်ကို ဓာတ်ပုံနှင့်အတူ တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းရေးရာဌာနသို့ တိုက်ရိုက်ပေးပို့ရမည်။

၄။ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဝန်ထမ်းရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်–၃၇၁၉၆၄သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၂၆၃၄၁ ဆိုင်ကယ်လက်ဝယ်ရှိသူမှ မော်တော်ဆိုင်ကယ်မှတ်ပုံတင် စာအုပ်(ကမ–၃) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့် ရက်မှ ၁၅ ရက်အတွင်း ကညန (ရှေ့တန်းရုံး) မအူပင်သို့ လာရောက် ဆက်သွယ်ပါရန်။ **ကညန(ရှေ့တန်းရုံး)၊ မအူပင်**

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တရားရုံး၊ ကျိုင်းတုံမြို့
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၅

ဒေါ်နန်းလာခမ်း နှင့် ဒေါ်နန်းမတ်

တရားနိုင် **တရားရှုံး**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တရားရုံး တရားမကြီးအမှုအမှတ် ၆/၂၀၀၃ အမှုတွင်အနိုင်ဒီကရီအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြပါပစ္စည်းများကို ၂၀၀၄ ခုနှစ် မတ်လ ၂၆ ရက် နံနက်၁၀နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရသိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်ပါသည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာလည်း ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်း ပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကို ပယ်၍ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်နေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ၂၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန် ကြော်ငြာကိုထုတ်ပေးလိုက်သည်။

တင်ဝင်း၊
ပြည်နယ်တရားသူကြီး
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တရားရုံး၊ ကျိုင်းတုံမြို့

ပစ္စည်းစာရင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်းရပ်၊ အကွက်အမှတ် ၁၄၊ ဆန်ဆိုင်းလုံရပ်၊ ဦးပိုင်အမှတ် ၄၊ ဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

ကြမ်းခင်းဈေးမှာ ကျပ်သိန်း ၂၅၀၀၀၀၀ (ကျပ်သိန်းနှစ်ရာငါးဆယ်တိတိ) သတ်မှတ်သည်။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၃ လမ်း၊ အမှတ် ၆၆၊ မြေညီထပ်နေ ဦးခင်ဦး ၁၂/မရက(နိုင်)၀၇၆၆၆၁ မှ ဒေါ်လှသာစိန် ၁၁/စတန(နိုင်)၀၀၆၉၅၂ ထံသို့ ၁၉၉၄ ခုနှစ် ဇူလိုင်လတွင် လွှဲအပ်ထားသည့်ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်သူ ဦးခင်ဦးမှ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ဒေါ်လှသာစိန်မှ ဦးခင်ဦး၏ ကိုယ်စားဆောင်ရွက်ထားမှုများရှိပါက ယင်းဆောင်ရွက်မှုကို လက်ခံထားသူများ၏ တာဝန်သာဖြစ်ပြီး ဦးခင်ဦးဘက်မှ သဘောတူညီမှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အောက်ဖော်ပြပါ ပစ္စည်းများသည် ဦးခင်ဦးနှင့် ဒေါ်လှသာစိန်တို့၏ လက်ထက်ပွားပစ္စည်းများဖြစ်သဖြင့် ဦးခင်ဦး၏ သဘောတူညီမှုမရရှိဘဲ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ အခြားနည်းဖြင့် စီမံခန့်ခွဲခြင်းများ မပြုလုပ်ရန် တားမြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(၁) Hilux ၆က/၅၄၇၀၊ (၂) အမှတ်–၆၆၊ မြေညီထပ်၊ ၂၃ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ (၃) အမှတ်–၁၂၅၊ လေးလွှာ အခန်း Aနှင့် B၊ ၂၃ လမ်း(အထက်)၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ (၄) အမှတ်–၅၆၊ ငါးလွှာ၊ အခန်း A၊ ၁၂၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ (၅) အမှတ် ၆၆၊ မြေညီထပ်၊ ၂၃ လမ်း၊ လသာမြို့နယ်၊ တိုက်ခန်းတွင် တပ်ဆင်သုံးစွဲလျက်ရှိသော ဦးခင်ဦးအမည်ပေါက် တယ်လီဖုန်းအမှတ်–၂၄၃၉၀၂။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်မိမိလှိုင်(LL.B)
တရားရုံးချုပ်ရှေ့နေ
အမှတ် ၃/ခ၊ ၃၅ လမ်း(အောက်)၊ မြေညီထပ်၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ် တရားမအယူခံမှုအမှတ်– ၂၂၆

ဦးဝင်းတင်ရွှေ **နှင့်** ၁။ ဒေါ်စန်းစန်းမြင့်
အမှတ် (၁၃)၊ အောင်တံခွန်လမ်း၊ — အမှတ်(၈)၊ ရှစ်လွှာ၊ ရတနာလမ်း၊
နှင်းဆီကုန်း(က)ရပ်ကွက်၊ သုဝဏ္ဏ၊ — ဗိုလ်ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊
သင်္ဃန်းကျွန်းမြို့နယ်၊ — ရန်ကုန်မြို့။
ရန်ကုန်မြို့။
၂။ ဦးအောင်ကြည်စိုး
၃။ ဒေါ်ချိုချိုလွင်
ခြောက်လွှာ၊ ခေါင်းရင်းခန်း၊
အမှတ်(၁၄)၊ ဓမ္မဝိဟာရလမ်း၊
ကျားကွက်သစ်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

အယူခံတရားလို **အယူခံတရားပြိုင်များ**

အထက်အမည်ပါ အယူခံတရားပြိုင်အမှတ် (၁)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။ အထက်အမည်ပါ အယူခံတရားလိုက ဤရုံးသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊တရားမကြီးမှုအမှတ်– ၁၇၃/၂၀၀၂အမှုတွင် (၁၇–၁၀–၂၀၀၃) ရက်နေ့ တွင် ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို အယူခံဝင်သည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၀၄–ခုနှစ် ဧပြီလ ၉ရက်၊ (၁၃၆၅ခု၊ တန်ခူးလဆန်း ၅ရက်)နေ့ မွန်းမတည့်မီ ၉း၃၀နာရီ အချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ်၊ မတ်လ ၈ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်ဝင်း
တွဲဖက်တိုင်းတရားသူကြီး–၉
ရန်ကုန်တိုင်း တရားရုံး

အထွေထွေကိုယ်စားလှယ်စာ ရုပ်သိမ်းကြောင်း

ကျွန်မ၏အမှုသည်ဖြစ်သူ ဦးသိန်းထွေး ၁၂/တမန(နိုင်)၀၃၂၅၈၅က ဦးသက်ထွန်းအေး ၉/မမန(နိုင်) ၀၃၅၂၇၉ အား ၁၁–၇–၂၀၀၃ ရက်က လွှဲအပ်ခဲ့သည့် အထွေထွေ ကိုယ်စားလှယ်စာ ၄၃၉၄/၀၃မှာ အမွေဆိုင်ပစ္စည်းပေါ်တွင် အကျိုးသက်ရောက်မှုမရှိ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်သန်းသန်း
B.A(Law)., LL.B
တရားရုံးချုပ်ရှေ့နေ
အခန်း ၂၁၊ ၅၅၊
မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၅၅၉၉၀၂

အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏ သားမောင်ပြည့်ဖြိုးမောင် ၃/ကကရ(နိုင်) ၁၁၇၃၈၆ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲနေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ် မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမျိုးမဆို တာဝန်မယူပါကြောင်း။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးတင်မောင်ရီ
၁၂/ဒပန(နိုင်)၀၀၂၅၇၇
ဒေါ်စန်းစန်းမြင့်
၁၂/ဒပန(နိုင်)၀၀၂၅၇၆



အမည်ပြည့်စွက်ခေါ်ပါရန်

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်နေ၊ မဟာဂျရာဘီဘီ ၉/မရမ(နိုင်)၀၆၄၁၇၂ အား မဟာဂျရာဘီဘီ(ခ)မမကြီးဟုပြည့်စွက်ခေါ်ပါရန်။ **မဟာဂျရာဘီဘီ(ခ)မမကြီး။**

ကားရောင်းမည်

Town Ace
Super Extra
၅က/ရှစ်ထောင်ကျော်
88-Model Diesel
Ph:661344, 726210

ကားစီးလုံးငှားသည်

Zaw Win & Associates
Car Renter
ကားပိုင်ရှင်များ
ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၅၄၀၅၄၅၊ ၀၉-၈၀၂၀၀၉၁

အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်၊ အောင်သုခရပ်၊ အရှေ့တပ်မြေလမ်း၊ အိမ်အမှတ် ၅B နေ ဦးစိုးလှိုင်နှင့် ဒေါ်သင်းသင်းကြည်၏သား မောင်သင်းမောင်စိုး ၁၀/မလမ (နိုင်) ၁၈၇၂၃၂ သည် မိဘများသဘောမတူနိုင်သောကိစ္စများကို ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများကို တာဝန်မယူပါ။ မေးမြန်းစုံစမ်းခြင်း သည့်ခံပါ။

ဦးစိုးလှိုင်
ဒေါ်သင်းသင်းကြည်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်း ဒေးဒရဲမြို့ သစ်လွင်အထွေထွေစီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်း သမဝါယမအသင်းလီမိတက်ရှိ အောက်ပါရေယာဉ်နှင့်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

(က) သစ်သားခွံ - တစ်ထပ်ရေယာဉ် (၈၁ပေ x ၁၉ပေ၁၁မ၆လက်မx ၆ပေ ၁၁မ ၆လက်မ)

(အေ အီး စီ ၉၁၁မ ၆)နှင့် လုပ်ငန်းသုံးပစ္စည်း(၆၅)မျိုး

တင်ဒါပေးသွင်းရမည့်နေ့- ဒေးဒရဲမြို့ မြို့နယ်သမဝါယမဦးစီးဌာန ၁၉-၃-၂၀၀၅ရက် နံနက် ၁၀:၀၀နာရီအတွင်း။

တင်ဒါပေးသွင်းရမည့်နေရာ- ဒေးဒရဲမြို့ မြို့နယ်သမဝါယမဦးစီးဌာန

တင်ဒါဖွင့်မည့်ရက်နှင့်နေရာ- ၁၉-၃-၂၀၀၅ရက်(သောကြာနေ့) နံနက် (၁၀:၀၀)နာရီ။ ဒေးဒရဲမြို့နယ်သမဝါယမဦးစီးဌာန။

ဝယ်ယူလိုသူများသည် တင်ဒါတစ်စုံလျှင်(ကျပ်ငါးရာ)နှုန်းဖြင့် တင်ဒါပေးသွင်းရမည့် နေရာတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းများနှင့် သိလိုသောအသေးစိတ်အချက်များရှိပါက တင်ဒါတင်သွင်းသည့်နေရာတွင် မေးမြန်းနိုင်ပါသည်။ **ရင်းနှီးပစ္စည်းများ ထုခွဲရောင်းချရေးကော်မတီ။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-ထ/၅၃၀ လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်ခွင့်၊ အမည်ပြောင်းခွင့်နှင့်(ကမ-၃) မိတ္တူ ထုတ်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက် အတွင်းကညန၊ ခရိုင်ရုံး (တောင်ငူ) သို့ လာရောက်ဆက်သွယ်ဆောင်ရွက် ပါရန်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)။**

တိုက်ခန်းအမြန်ရောင်းမည်

ဝေဇယန္တာလမ်းနှင့်
ရတနာလမ်းထောင့်
ရတနာမွန်အိမ်ရာ
လေးလွှာ(Hall Type)
တိုက်သစ်၊ ဝရန်တာပတ်လည်
ဖုန်း-၆၁၀၆၅၈

Beauty Palace Co. Ltd. A21

Beauty Palace Co. Ltd.

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏ သားဖြစ်သူ မောင်ကျော်မင်းအောင် ၁၂/ဥကမ(နိုင်) ၀၁၇၇၈၃ သည် မိဘဆိုဆုံးမမှုကို မနာခံ၍ ယနေ့မှစ၍ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်း သည့်ခံပါ။

ဦးစိုးတုတ်
၁၂/ဥကမ(နိုင်)၀၉၇၈၀၇
ဒေါ်တင်တင်ဝင်း
RGN-၀၀၂၈၃၇

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

မောင်လေးမောင်ညွှန့်
B.A(Myanmar)
အသက် (၂၄)နှစ်

သား မောင်လေးမောင်ညွှန့်

၁၃-၃-၂၀၀၃ရက်နေ့တွင် ကွယ်လွန်ခဲ့သည်မှာ ယနေ့ဆိုလျှင် တစ်နှစ်ပြည့်ခဲ့ပေမယ့် တစ်နေ့မှမမေ့မရပါ။ နေ့စဉ် လစဉ် သားအတွက် ရည်စူးပြီး ပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ဖေဖေ - ဦးခင်မောင်ရည်
မေမေ - ဒေါ်တင်ညွှန့်
ကိုကြီး - မောင်အေးအောင်ညွှန့်
ညီလေး - မောင်ထွေးနောင်ညွှန့်

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	တိရစ္ဆာန်အစားအစာကုန်ကြမ်း၊ ဖြည့်စွက်ဆေးဝါးနှင့်ပီနံအိတ်ခွံများ	1.Lot
၂။	သတင်းစာစက္ကူများ (News Print Paper)	10000.Reams

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၄-၃-၂၀၀၅ ရက်နေ့ (၁၆:၀၀) နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနခွဲ ဖုန်း-၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ခွေးချစ်တတ်သူများအတွက်

Golden Retriever

လိပ်ခေါင်း၊ ဂရင်ဂျိနာ၊ ဇေဂိုနာ၊ အကျိတ်ဖြစ်သူများ

ဘုရား၊ရဟန်း၊ကျောင်း၊ကန်ဒါယကာ သာသနာပြုဒါယကာကြီး သဒ္ဓမ္မဇောတိကဓဇ၊ ကျမ်းပြုစာရေးဆရာကြီး
ဓမ္မာစရိယ ဦးဋ္ဌေးလှိုင်
သာသနာရေးဝန်ကြီးဌာန၊အကြံပေးပညာရှင်(ငြိမ်း) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊တွဲဖက်ပါမောက္ခ(ငြိမ်း)
အသက်(၇၃)နှစ်

မဟာကမ္မဋ္ဌာနာစရိယ မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ညီ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မြစပယ်လမ်း၊ အမှတ် ၁၉/စ နေ ဒေါ်ကြင်မြင့် (ဗုဒ္ဓအသံစာပေ)၏ခင်ပွန်း၊ မမိမိခိုင်၊ မမိမိလှိုင်၊ မောင်ပြည်ကျော်စိုး၊ မောင်ဇမ္ဗူကျော်စိုး-မဝေမာဦးတို့၏ဖခင်၊ မဇွန်ဧကရီကျော်စိုး၏အဘိုးသည် ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁း၂၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ဒွန်းလှ
(ထင်းစုကျေးရွာ၊ တွံတေးမြို့နယ်)
အသက်(၇၉)နှစ်

ရန်ကုန်တိုင်း၊တွံတေးမြို့နယ်၊ထင်းစုကျေးရွာနေ(ဦးမောင်ခင်-ဒေါ်စောဥ)တို့၏သမီးကြီး၊ တွံတေးမြို့နယ်၊ တမာတကောကျေးရွာနေ (ဦးကြွေလိမ်-ဒေါ်စောညွန့်)တို့၏သမီးချွေးမ၊ (ဦးကျင်မှို့)၏ဇနီး၊ (ဦးဝင်းခင်)-ဒေါ်တင်လှိုင်၊ ဦးအေးငွေ-ဒေါ်အိအိငြိမ်း(အေးငြိမ်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးတင်သိန်း-ဒေါ်ခင်ရီ၊ ဦးတင်အေး-ဒေါ်ဖြူဖြူအေး(ကိုအေးငွေနှင့်ညီများ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး၊ စော်ဘွားကြီးကုန်းပွဲရုံ)၊ ဦးမြသောင်း-ဒေါ်မြင့်မြင့်စိန်၊ မမြင့်မြင့်အေး၊ ကိုစိန်မြင့်မောင်-မယုယုဆွေတို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် အမှတ် ၁၂၊ ဆင်ရေတွင်း ၁ လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေညီထပ်နေအိမ်၌ ၁၂-၃-၂၀၀၄ရက် (သောကြာနေ့)နံနက် ၁၁း၀၉ နာရီတွင် ကွယ်လွန်သွားပြီးဖြစ်ပါ၍ ၁၄-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဖီအဲလစ်ရွှေဂေါင်း
အသက်(၈၆)နှစ်

အမှတ် ၁၂၁၊ မင်းရဲကျော်စွာလမ်း၊ ကရင်ခြံရပ်ကွက်၊အလုံမြို့နယ်နေ(ဦးရွှေဂေါင်း-ဒေါ်စံမြ)တို့၏သမီး၊ ဦးအက်ဒဝပ်ရွှေဂေါင်း-ဒေါ်ရီဒီတို့၏ညီမ၊ (ဒေါ်ဘီအဲထရစ်ရွှေဂေါင်း - ဦးအောင်မြင့်)တို့၏အစ်မ၊ ဇွန်-ဟရန်တာ၊ ဂျူးလီးယက်(စ်)-မာဂရက်၊ ကိုခင်မောင်ဝင်း-မစိန်ထွေး၊ မခင်စန်းစန်းမြင့်၊ကိုစိန်သန်း၊ မခင်မျိုးမြင့်(စာရွှေ/စာပို့ စခန်း)တို့၏ အဒေါ်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၂-၃-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၃-၂၀၀၄ရက်(စနေနေ့) နံနက် ၉ နာရီတွင် အမှတ် ၁၂၁၊ မင်းရဲကျော်စွာလမ်း၊ အလုံ ဘရေတန်ပိုးကရင်နှစ်ခြင်းဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ အာသဘ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)
သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၃)ဝါ

တနင်္သာရီတိုင်း၊ မြိတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ ပဓာနနာယကဖြစ်တော်မူသော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ အာသဘသည် မိမိ၏သီတင်းသုံးတော်မူရာ ကျောင်းတိုက်၌ ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် (၁၁-၃-၂၀၀၄ရက်) ကြာသပတေးနေ့ ညနေ ၅း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ အန္တိမအဂ္ဂိဈာပနကို ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက် (၁၅-၃-၂၀၀၄ရက်)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း။

ဈာပနကျင်းပရေးကော်မတီ။

ဝမ်းနည်းကြေကွဲခြင်း

ဆရာမောင်ဝဏ္ဏ(အမှုဆောင်စာတည်း၊ ဈေးကွက်ဂျာနယ်)၏ဖခင် ဦးအေးသောင်း[စာရင်းကိုင်-၁၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ အမှတ်(၃)တည်ဆောက်ရေး၊ ညွန်ကြားရေးမှူးရုံး၊ တောင်ငူမြို့]သည် ၁၂-၃-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

Mega Investment Group Co., Ltd.

ဈေးကွက်ဂျာနယ်မိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Rev. Khup Khen Thang
(Hang Sawk)
အသက်(၇၄)နှစ်

ချင်းပြည်နယ်(မြောက်ပိုင်း)၊ တွန်းဇံမြို့နယ်၊ Tuitum ကျေးရွာနေ (Pu Son Tual- Pi Ning Vial) တို့၏ သားကြီး၊ (Pu Thual Za Hang- Pi Goih Niang)တို့၏သားသမက်၊ Nu Nem Khan Cing ၏ခင်ပွန်း၊(Nu Luan Kho Man- Bo Neng Za Thang)တို့၏မောင်၊ Pa H.Gin En Cin- Nu Don Khaw Hau (သူနာပြုဆရာမကြီး၊ ထန်းတပင်)၊Nu Ning Suan Cing- (Pa Hang Za Kam)၊Nu Don Ngaih Niang- Pa Neng Za Suan တို့၏အစ်ကို၊ Nu Vial Lian Niang- Pa Hau Sian Pau၊ Nu Pau Ngaih Lun- Pa Pau Lian Kap၊ Pa Tual Lian Pau- (Nu Ma Shwe)၊ Pa Hang Khen Mang- Nu Niang Lun Man(မူအုပ်၊ Khumnuai)၊ Pa Pum Khan Lian- Nu Ciin Lian Vung၊ Nu Man Suan Cing- Pa Sian Hau Piang၊ Nu Niang Lam Vung- Pa Thual Khan Suan၊ Tg.Cin Kim Thang(ထန်ပီ၊ Bass)တို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုး၊ တူ တူမ ၂၇ယောက်တို့၏ဘကြီး Ministry Golden Jubilee ကျင်းပသူ Rev. Khup Khen Thangသည် ၁၁-၃-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၃-၃-၂၀၀၄ရက်တွင်Tuitumကျေးရွာနှစ်ခြင်းဘုရားကျောင်း၌ဝတ်ပြု ဆုတောင်းပြီး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါက်တာလှသောင်း
(ဘိုကလေး)
အထူးကုစက် ပဲခူးတိုင်းကျန်းမာရေး(ငြိမ်း)
အသက်(၆၀)

(ဦးဆောင်-ဒေါ်စိန်နု)တို့၏သား၊ (ဦးအောင်ကြိုင်-ဒေါ်လှမြိုင်)တို့၏ သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)ရပ်ကွက်၊စကားဖြူလမ်း၊ အမှတ် ၁၁၇၃ နေ ဒေါ်စန်းနွဲ့ (နိုယာမ ဒေါ်စန်းမေ သာဝိတ္တိဆန်းဗေဒင်၊ လ/ထ မန်နေဂျာ၊ ငြိမ်း၊မြန်မာ့ကုန်တိုက်)၏မောင်၊ဦးကျော်သောင်း-ဒေါ်စန်းရီတို့၏ညီ၊ ရန်ကုန်မြို့နေ ဦးဝင်းမောင်-(ဒေါ်စန်းကြည်)တို့၏မောင်၊ ဟင်္သာတမြို့နေ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးဇော်မင်း-ဒေါ်အုန်းနွဲ့တို့၏အစ်ကို၊ ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်း၊ ဝက်ဘာလမ်း၊ အမှတ် ၃၄၆ နေ ဒေါ်အေးအေးသန်း (မန်နေဂျာ၊ ငြိမ်း၊ ကုန်သွယ်/လယ်ယာ)၏ခင်ပွန်း၊ မလှဝတ်ရည်၏ဖခင်သည် ၁၂-၃-၂၀၀၄ရက်(သောကြာနေ့) နံနက် ၄း၂၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၄-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ဒေါ်စန်းနွဲ့ (နိုယာမဒေါ်စန်းမေ)၏ နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး
ဒေါ်တင်ယု
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ သိမ်ကြီးလမ်း(အောက်)၊ အမှတ် ၁၇ နေ(ဦးဘွန်ထောင်-ဒေါ်ကျင်အေး)တို့၏သမီး၊ ဦးကြည်၏ဇနီး၊ ဦးလှဖေ-ဒေါ်ကျင်သန်းတို့၏အစ်မ၊ ကိုခင်မောင်လှ-မဋ္ဌေးဋ္ဌေးမြိုင်၊ ကိုသန်းဋ္ဌေး၊ ကိုဇော်လင်း၊ ကိုသန်းထွေး၊ကိုဝင်းထွေး (Global Net)-မနီနီဦးတို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၀-၃-၂၀၀၄ရက် ညတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၄-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်ကြီး
(ပွင့်ဖြူ၊ ရွှေလှေရွာ)
အသက်(၇၁)နှစ်

(ဦးမြသွင်-ဒေါ်အေးညွန့်)တို့၏သား၊ (ဒေါ်ခင်မြင့်)၏ခင်ပွန်း၊ ကိုစိုးလွင်၊ (ကိုသိန်းဦး)၊ ကိုဝင်းမြင့်၊ မနွယ်နွယ်၊ ကိုမင်းသန့်တို့၏ဖခင်၊ ဦးစန်ရီ ဒေါ်ကြင်မြိုင်တို့၏အစ်ကိုကြီးသည် ၁၂-၃-၂၀၀၄ရက်(သောကြာနေ့)နံနက် ၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၀၄ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်အောင် (ဖျာပုံ)
အသက်(၆၃)နှစ်

ဖျာပုံမြို့၊ ရှင်ရဲထွဋ်လမ်း၊ အမှတ် ၁၀ နေ ဒေါ်အေးမြ၏သမီးကြီး၊ ဦးလှဝင်း-ဒေါ်သန်းသန်းနွဲ့တို့၏ အစ်မ၊ ဦးကျော်မြင့်၏ဇနီး၊ ဦးမြသောင်း (မြိတ်တက္ကသိုလ်)-ဒေါ်သက်သက်နိုင် (ရန်ကုန်တက္ကသိုလ်)၊ ကိုဇော်ဝင်းမွန်-မသက်သက်အေး(အေးရွှေစင်ရွှေဆိုင်၊ ဖျာပုံဈေး)၊ ကိုမျိုးသန့်(မြိတ်၊ ကညန)-မအေးအေးခိုင်၊ကိုသန်းဦး-မဝါဝါမြင့် (လှည်းတန်း ဆန်ဆိုင်)၊ မလွင်လွင်မြင့်၊ ကိုထွန်းနိုင်ကျော်-မစပါယ်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၂-၃-၂၀၀၄ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၄-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်စန်းအေး
အသက်(၅၄)နှစ်

ပဲခူးမြို့၊ ကျောက်ကြီးစုရပ်နေ (ဦးကျော်-ဒေါ်နှင်း)တို့၏သမီး၊ ရန်ကုန်မြို့၊တာမွေ မြို့နယ်၊ပုသိမ်ညွန့်ရပ်ကွက်၊ ကုဋ္ဌာသယလမ်း၊ အမှတ် ၈၀ နေ (ဦးဘချစ်-ဒေါ်ထားခင်)တို့၏ သမီးချွေးမ၊ ဦးမင်းဆွေဦး-(ဒေါ်မြရွှေ)၊ (ဦးလှကြည်)-ဒေါ်သန်းလှ၊ (ဦးစန်းကြည်)-ဒေါ်လှလေး၊ ဒေါ်တင်ပြုံး၊ ဒုရဲမှူးသန်းထွန်း(ငြိမ်း)-ဒေါ်ညွန့်ညွန့်၊ (ဦးမျိုးမြင့်)-ဒေါ်ညွန့်ညွန့်၊ ဒေါ်သန်းနွဲ့ (လဝက၊ ငြိမ်း)၊ ဒေါ်မြချစ် (ဆောက်လုပ်ရေးဝန်ကြီးရုံး)တို့၏ညီမ၊ ရဲအုပ်ရဲမြင့်(စခန်းမှူး၊ အင်္ဂပူရဲစခန်း၊ ဟင်္သာတ ခရိုင် ရဲတပ်ဖွဲ့)၏ဇနီး၊ မောင်ဗညားမြင့် (X-C၊ အထက-၂၊ ဒဂုံ)၊ မောင်စိုးရာဇာမြင့်(VI-A၊ အထက-၂၊ ဒဂုံ) တို့၏မိခင်၊ တူ တူမ ၂၄ ယောက်တို့၏အဒေါ်သည် အထက်ပါနေအိမ်၌ ၁၂-၃-၂၀၀၄ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ ဂုဏ်ထူးဆောင်နာယက သဒ္ဓမ္မဇောတိကဓဇ ဓမ္မာစရိယ
ဦးဋ္ဌေးလှိုင်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊မြစပယ်လမ်း၊အမှတ် ၁၉/စ နေ ဒေါ်ကြင်မြင့်၏ခင်ပွန်း ညောင်ကန်အေးသာသနာ့ရိပ်သာ ဂုဏ်ထူးဆောင်နာယက ဦးဋ္ဌေးလှိုင်သည် ၁၁-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ရာ ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအမှုဆောင်များ လိုက်ပါပို့ဆောင်ကြပါရန် နိုးဆော်အပ်ပါသည်။ (ရိပ်သာမှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)

ညောင်ကန်အေးသာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ ရေတွင်း၊ရေကန်ဒါယိကာမကြီး
ဒေါ်ညွန့်မေ (မော်လမြိုင်)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ အမှတ် ၅၂(က)၊ ကိုးမိုင်နေ (ဦးချန်ထွန်း-ဒေါ်ငွေတင်)တို့၏သမီးကြီး၊ (ဦးမြညိန်း-ဒေါ်လှမေ)တို့၏သမီးချွေးမ၊ ဦးကျော်ညွန့်၏ဇနီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့၊ တပ်ဦးကျောင်းတိုက် အရှင်စန္ဒိမာ၏ရဟန်းအမ မယ်တော်ကြီး၊ ဦးမျိုးမင်း-ဒေါ်နီလာမြင့်၊ ဦးခင်မောင်ချို၊ ဦးစည်သူထွန်း - ဒေါ်ရွှေရည်ဝင်း၊ ဦးအောင်လင်းမြင့်-ဒေါ်ကေသွယ်ဝင်းမောင်၊ ဦးကျော်ခင်-ဒေါ်အေးယုနွယ်တို့၏မိခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၇း၅၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကင်းနှင့်ကိုးမိုင် နေအိမ်များမှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တပ်ကြပ်ထွန်းငြိမ်း (ငြိမ်း)
အသက်(၆၈)နှစ်

ကြာအင်းဆိပ်ကြီးမြို့နေ (ဦးထွန်းဇံ-ဒေါ်မတင်)တို့၏သား၊မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အင်းဝလမ်း၊ (၁၇)ရပ်ကွက်၊ အိမ်အမှတ် ၁၂ နေ ဒေါ်အုန်းကြည်၏ခင်ပွန်း၊ တသအေးလွင်-မမြမြစန်း၊ မောင်ကျော်ဝင်းမြင့်-မကြည်ကြည်စန်း၊ မောင်ထွေးနိုင်၊ မမြင့်မြင့်ထွေး၊ တပ်ကြပ်အေးမင်း-မသန်းသန်းနုတို့၏ဖခင်၊မြေးကိုးယောက်တို့၏အဘိုးသည် ၁၁-၃-၂၀၀၄ရက် ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (ရွှေပေါက်ကံ နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မသူဇာ
အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ ဝါယာလက် ၃ လမ်း၊ ကမ္ဘာအေးအိမ်ရာ၊ တိုက်အမှတ် ၁၁၊ အခန်း ၁၀၁ နေ (ဦးမြင့်ဆွေ)-ဒေါ်စမ်းရီတို့၏သမီးထွေး၊ မသဇင်ဦး၊ ကိုအောင်မြတ်-မခင်ဆွေဦး၊ ကိုလှဝင်း-မကြွယ်ဦး၊ ဒေါက်တာစိုးမင်းနိုင်-မအေးအေးမော်တို့၏ညီမ၊ ကိုညီ(ခ)အောင်မြင့်မိုး (Htoo Trading Co. Ltd.)တို့၏အစ်မ၊ တူ တူမ ရှစ်ယောက်တို့၏အန်တီလေးသည် ၁၂-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်လထော်နန်ဂရောင်
အလယ်တန်းပြဆရာမ(ငြိမ်း) အထက(၁)ဗန်းမော်မြို့
အသက်(၇၄)နှစ်

ဗန်းမော်ခရိုင်၊ အင်ဘာပါရွာနေ (ဆရာကြီး ဒူဝါလထော်ဇော်ဆိုင်း-ဒေါ်ဒမောင်ရွယ်)တို့၏သမီးကြီး၊ (ဦးမခါနော်-ဒေါ်လဖိုင်ကော့)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇမ္ဗူရစ်လမ်း၊ အမှတ် ၁၆၊ အခန်း ၃ နေ ဦးမခါကမ်ထွဲ (စိန်လုံတောင်တန်းဝန်ထောက်၊ ငြိမ်း)၏ဇနီး၊ မြစ်ကြီးနားမြို့နေ ဦးလထော်ဂွမ်ဂျာ-ဒေါ်လဖိုင်နန်ကွယ်၊ ရန်ကုန်မြို့နေ ဒေါ်လထော်နန်းလုံ-(ဦးကျော်ဝင်း)၊ မြစ်ကြီးနားမြို့နေ ဒေါ်လထော်နန်တောမ်-(ဦးဘုန်းအောင်နော်)တို့၏အစ်မကြီး၊ ဒေါ်ခေါန်ရာ(ဒု-ညွှန်/မှူး၊ဆည်မြောင်းရုံးချုပ်)-ဦးလဘန်ရိန်ရစ်(လ/ထထွေဂျာ၊ မြန်မာ့မီးရထား၊ စွမ်းအားပြည့်ကော်မတီ)၊ ဒေါ်ဘောက်နူး၊ ဒေါ်ရွယ်တောင် - Mr. Yuji Kinoshita ၊ ဦးနူးလာ-ဒေါ်အဲလစ်ဇဘက်ရှန်လွမ်(ခ) Nu Nu ၊ ဗိုလ်ကြီးထုဆန်(သားဖွား/မီးယပ်နှင့် ကလေးဆေးရုံ၊ မင်္ဂလာဒုံ)၊ ဦးနော်တောင်-ဒေါ်ထုဆိုင်း၊ ဦးလဒိန်-ဒေါ်မရန်ဂျာဆိုင်းတို့၏မိခင်၊ မောင်လဘန်ဘရန်မိုင် (TTC၊ ရန်ကင်း)၊ မဆိုင်းဆန့်တို့၏အဘွားသည် ၉-၃-၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၁၁း၄၅ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၅-၃-၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်တွင်ဝတ်ပြုဆုတောင်းပြီးဂူသွင်းသဂြိုဟ်ပါမည်။ (ရွှေပြည်အေးလမ်း၊စမ်းချောင်း၊ ကချင်နှစ်ခြင်းအသင်းတော်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးကြင်အောင်
(အငြိမ်းစား၊ MEPE) ကြေးမုံစက်ဘီးရောင်းဝယ်ရေး (ဆင်မလိုက်)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၅ လမ်း(အထက်)၊အမှတ် ၁၂၀(ခုနစ်လွှာ) နေ (ဦးရွှေကျော်-ဒေါ်လှမေ)တို့၏သား၊ (ဦးညွန့်တင်-ဒေါ်အေးသန်း)တို့၏သားသမက်၊ ဒေါ်ချောမေ၏ခင်ပွန်း၊ ဦးသန်းဦး-ဒေါ်ခင်ခင်သိုက်၊ ကိုဝင်းထိုက်-မဝင်းမာရီ၊ မတိုးတိုးအောင်၊ မောင်ကျော်ဇင်၊ မောင်မြတ်သူ-မမျိုးစန္ဒာအေးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၁-၃-၂၀၀၄ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၃-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဝေ
(စံသိန်းအောင်ရွှေပန်းထိမ်ဆိုင်၊ကျုံပျိုး)
အသက်(၃၈)နှစ်

ကောကရိတ်မြို့နယ်၊ ကျုံပျိုးမြို့နယ်၊ ကမ်းနားပိုင်းနေ ဦးရွှေသိန်း-(ဒေါ်နှင်းကြည်)တို့၏သမီး၊ ဦးစံသိန်းအောင်၊ ဒေါ်သန်းသန်းစိန်၊ ဦးကောင်းကောင်းမြတ်၊ ဒေါ်ခင်ဆွေဝင်း၊ ဗိုလ်ကြီးစိုးလွင်-ဒေါ်တင်တင်ဆွေတို့၏ညီမ၊ ကိုအောင်ထူးတင့်-မသီတာ၊ မအေးအေးတို့၏အစ်မ၊ မောင်ဇော်ဝင်းလှိုင်၊ မစုစုစံ၊ မောင်ကျော်ဇေယျာဝင်း၊ မပိုးအိဖြူ၊ မောင်သီဟကိုကို၊ မဖြူစင်ဖွေး၊ မောင်မြတ်မင်းဦး၊မအင်ကြင်းမွှေးတို့၏အဒေါ်သည် ၁၁-၃-၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၃-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အမှတ် ၃၁၊ ၁၆၇လမ်း၊ တာမွေကြီး (ခ)ရပ်ကွက် နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စောပွင့်ဖြူ
(နစ်မြစ်၊ မောင်တော)
အသက်(၇၄)နှစ်

(ဦးသျှီစားအောင်-ဒေါ်သိုလှမေ)တို့၏သမီး၊ (ဦးဖြူအောင်)၏ဇနီး၊ (ဦးရွှေဘွင့်)၊ (ဦးရွှေဘန်း)၊ (ဒေါ်ဧရာနု)တို့၏ညီမ၊ ဒေါ်အုန်းခိုင်၏ညီမ၊ အမှတ် ၂၉၊ ၁၄၆ လမ်း၊ တာမွေနေ ဦးရွှေသာ-ဒေါ်တင်ရင်တို့၏အဒေါ်၊မြေးရှစ်ယောက်တို့၏အဘောင်ရှင်၊ မြစ်ခုနစ်ယောက်တို့၏အဖီးရှင်သည် ၁၁-၃-၂၀၀၄ရက် ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၃-၂၀၀၄ရက် ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ရီရီဆွေ(ခ)ဒေါ်ညွန့်ရီ
(ပခုက္ကူမြို့)
အသက်(၇၀)

(ဦးကံပေါ်-ဒေါ်ငွေရှိန်)တို့၏ သမီး၊ (ဦးဆင့်-ဒေါ်နုနု)တို့၏ သမီးချွေးမ၊ ဦးမင်းညို-(ဒေါ်အုံးကြည်)၊ (ဗိုလ်ကြီးတင်အောင်-ဒေါ်အုံးကြွေ)တို့၏ ညီမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ ခြံအမှတ် ၅ (စ/၂)နေ ဦးတင်စိန်(ထွေ/ဂျာ၊ငြိမ်း၊ ကုန်သွယ်/စားထွေ)၏ဇနီး၊ ဦးရန်နိုင်ဦး၊ ဒုတိယဗိုလ်မှူးကြီးရန်မျိုးအောင်(ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မောင်တော)-ဒေါ်သီတာအေး၊ ဗိုလ်ကြီးမျိုးဆက်အောင်တို့၏ မိခင်၊ မဖြူမာသန့် (ဒုနှစ်၊ I.T.G.T.C၊ မှော်ဘီ)၊ မနှင်းနုဝင်း (အထက-၂၊ စမ်းချောင်း)၊ မဖူးပြည့်အောင် (ပထမတန်း၊ TTC)၊ မောင်ဟိန်းထက်အောင် (ဝိုင်းမူကြို)၊ မောင်အောင်မျိုးမင်းတို့၏ အဘွားသည် ၂၀-၃-၂၀၀၄ရက် ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

စန္ဒရားခင်မောင်ချို
ရန်ကုန်မြို့တော်စည်ပင် (အက/ဂီတဌာန)
အသက်(၅၀)

သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ ၃ လမ်းနေ(ဦးဝမ်ရှိန်-ဒေါ်မြကြင်)တို့၏သား၊ (၁၀၇)ရပ်ကွက်၊ ဧရာမင်း ၉ လမ်း၊အမှတ် ၁၃၅၀နေ ဦးသန်းမြင့်-ဒေါ်သိန်းသိန်းတို့၏ သားသမက်၊ ဒေါ်ကြင်မြိုင်၊ဒေါ်ကြင်အေး၊ဦးလှသောင်း-ဒေါ်စန်းငွေ၊ ဦးသိန်းမောင်၊ ဦးစိုးညွန့်-ဒေါ်ခင်သန်းဆွေ၊ဦးတင်ငွေ-ဒေါ်တင်ရီ၊ ဦးခင်မောင်စိုး-ဒေါ်ခင်ဝင်းကြည်၊(ဦးခင်မောင်ကျော်)-ဒေါ်သန်းသန်းမြင့်တို့၏ ညီ/မောင်၊ ဦးခင်မောင်ငြိမ်း-ဒေါ်ချိုချိုဝင်း၊ ဦးခင်မောင်သိန်း-ဒေါ်သန်းသန်းအေး၊ ကိုစံလင်း-မအေးမြင့်၊ ကိုကိုအောင်-မအေးအေးသွယ်၊ကိုမောင်မောင်ပြုံး-မဋ္ဌေးဋ္ဌေးရီတို့၏အစ်ကို၊ မောင်ချစ်ကိုကို၊မောင်အောင်အောင်၊မခင်နှင်းဆီ၊ မောင်ချစ်ညီညီ၊မောင်ချစ်ဋ္ဌေးဋ္ဌေးတို့၏ဖခင်၊ ဒေါ်သီတာ (နှင်းဆီ အလှပြုပြင်ရေး)၏ ခင်ပွန်းသည် ၁၀-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ည ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဗိုလ်မှူးသောင်းညွန့် (ငြိမ်း)
(ခရမ်း)
အသက်(၉၀)

ရန်ကုန်တိုင်း၊မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိပ်ကုန်းရပ်ကွက်၊ လေယာဉ်ကွင်းလမ်း၊ ခြံအမှတ် ၈ နေ (ဦးထွန်းလင်း-ဒေါ်ဆယ်ဒါ)တို့၏သား၊ (ဒေါ်ညွန့်၊ ဒေါ်ဆင့်၊ ဒေါ်အေးကျင်)တို့၏မောင်၊ ခရမ်းမြို့နေ (ဦးကျော်အေး-ဒေါ်သိန်းလှ)၊ (ဦးထွန်းရီ)-ဒေါ်တင်ဥ၊ ရန်ကုန်မြို့၊ အမှတ် ၉၇၊ ဦးရေခဲလမ်း၊မရမ်းကုန်းနေ (ဦးတင်နွယ်)-ဒေါ်ခင်နွဲ့၊ ခရမ်းမြို့နေ ဦးထွန်းအောင်-ဒေါ်ခင်စန်းတို့၏ ဦးလေး၊ ကိုဇော်မင်း-မမာလာတို့၏ ဖခင်၊ မကြေးမုံခင်၏အဘိုးသည် ၁၀-၃-၂၀၀၄ရက် နံနက်၆း၅၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယကာ
ဦးကြည်အောင်
(ဝါးခယ်မ၊ ညောင်တုန်း) (အလယ်တန်းကျောင်းအုပ်၊ငြိမ်း) အလက(၁၁)အင်းစိန်
အသက်(၇၄)နှစ်

ဝါးခယ်မမြို့၊ ရွာသစ်ရပ်နေ (ဦးချစ်ပေါ-ဒေါ်အေးသင်)တို့၏သား၊ ဒေါ်လှလှ [အထက်တန်းကျောင်းအုပ်၊ ငြိမ်း၊ အထက-၄၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)]၏ခင်ပွန်း၊ ဒေါ်ဥမ္မာအောင် [S.A.T၊ အထက-၁၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)]၊ ဦးထွန်းလင်းဦး(Maple Garment)-ဒေါ်လှသီတာအောင်၊ ဦးကိုကိုလွင်-ဒေါ်လှသဥ္ဇာအောင် (နည်းပြ၊ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ရွာသစ်ကြီး)၊ ဦးကျော်နိုင်ဦး-ဒေါ်မာလာအောင်(အကောင်းဆုံးစားသောက်ဆိုင်၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးဖြစ်သူသည် အမှတ် ၆၀၈၊ ရတနာလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးကြည်အောင်သည် ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၅-၃-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအေးသောင်း
စာရင်းကိုင်(၁) [ရေအားလျှပ်စစ်ဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ ညွှန်ကြားရေးမှူးရုံး၊တောင်ငူ]
အသက်(၅၆)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ပိုင်းရပ်ကွက်၊ ဦးညိုလမ်းသွယ်(၆)၊ အိမ်အမှတ် ၁၂၀နေ (ဦးဘိုးဆိုင်-ဒေါ်အုန်းရင်)တို့၏သား၊ (ဦးစံသိန်း)-ဒေါ်ချစ်ခင်တို့၏ သားသမက်၊ ကိုစိုးလွင်-မခင်နှင်းအေး၊ မောင်ဝဏ္ဏ (ဈေးကွက်ဂျာနယ်)၊ မတင်နီလာအေး၊ မောင်ဇော်ဇော်ဦး၊ မောင်ဇော်ဇော်ထွန်း-မနွယ်နွယ်အောင်၊ မောင်အောင်သီဟတို့၏ဖခင်၊ မောင်ဖြိုးကိုကို၏အဘိုး၊ ဒေါ်စောတင်၏ခင်ပွန်းသည် ၁၂-၃-၂၀၀၄ရက်(သောကြာနေ့)နံနက် ၈ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ ရေတွင်း၊ရေကန်ဒါယိကာမကြီး
ဒေါ်ညွန့်မေ (မော်လမြိုင်)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း၊ (၃)ရပ်ကွက်၊ ၁၂ လုံးတန်း၊ တိုက်အမှတ် ၂၁၈/၂ နေ (ဦးချန်ထွန်း-ဒေါ်ငွေတင်)တို့၏သမီးကြီး၊ ဦးကျော်ညွန့်၏ဇနီး၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် ဦးစိုးမြင့်-(ဒေါ်လှငွေ)၊ (ဦးစံဝင်း)-ဒေါ်စုစုခင်၊ ဦးစံမော်ဖြိုး-ဒေါ်မြတ်မူ၊ ဦးမင်းဆွေ-ဒေါ်လှလှဝင်းတို့၏အစ်မကြီးသည် ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၇း၅၅ နာရီတွင် S.S.C အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၀၄ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(ကိုးမိုင်နှင့်ရန်ကင်းနေအိမ်များမှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝင်းကြည်
(အလုပ်ရုံခွဲမှူး၊ငြိမ်း၊စစ်တောင်းစက္ကူစက်) (ဘီလူးကျွန်း၊ နတ်မှော်) (ကတိုး၊ ကောနုပ်)
အသက်(၆၈)နှစ်

မော်လမြိုင်မြို့နေ(ဦးဘသန်း-ဒေါ်ငွေညွန့်)တို့၏သားကြီး၊ ဘီလူးကျွန်း၊ နတ်မှော်ရွာနေ (ဦးမောင်ဘွား-ဒေါ်ယုံ) တို့၏သားသမက်၊ မော်လမြိုင်မြို့နေ (ဦးဝေလင်း၊ ဒု-ဌာနခွဲမန်နေဂျာ၊ မြန်မာ့ရေနံ)-ဒေါ်မြမြဝင်း၊ ဦးတင်ဝင်း (ကကငွေ၊ ငြိမ်း)-ဒေါ်သန်းသန်းခိုင် (အထက-၅၊မရမ်းကုန်း၊ငြိမ်း)၊ဒေါ်မြတ်စိုး(မြန်မာ့စီးပွားရေးဘဏ်၊ မော်လမြိုင်)၊ ဦးမင်းအောင်မြင့်(ရာမည အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်)-ဒေါ်ခင်ဆွေမြင့် (အထက-၅၊ ဗိုလ်တထောင်)တို့၏ အစ်ကိုကြီး၊ သိမ်ဖြူရပ်မြို့၊ ကန်သာယာလမ်း၊ ၉/၂ နေ ဦးဝင်းနိုင်၊ (ဦးအောင်နိုင်)၊ဦးတင်နိုင်(ဧည့်ရိပ်သာ)-ဒေါ်ကြည်ကြည်ဝင်း(စီမံခန့်ခွဲရေးရုံး)၊မောင်ကျော်နိုင်၊ မောင်အေးနိုင် (G.W.E Co., Ltd.)၊ မသူဇာဝင်း၊ မစန္ဒာဝင်း(ဝါးတူစက်ရုံ)၊ မညီညီဝင်း(စက်မှု-၁ပြု/ထိန်းရုံး)တို့၏ဖခင်၊ မချောကေခိုင်၊ မရည်မွန်ဖူးတို့၏အဘိုး၊ ဒေါ်စိန်လှ၏ခင်ပွန်းသည် ၈-၃-၂၀၀၄ရက် (တနင်္လာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် သိမ်ဖြူရပ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Rev. Ngun Su (ငွေစိုး)
အသက်(၅၆)နှစ်

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ မွန်လိဝိကျေးရွာနေ(Pu Chiah Hai- Pi Dar Ki)တို့၏သားကြီး၊အမှတ် ၁၀၉၄၊ ကန်သာယာ ၂ လမ်း၊ (၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ Pi Tha Tang (မထား)၏ခင်ပွန်း၊ Pa David CaLian Thang၊ Nu Tina Biak Hlei Rem (B.A Hons; 2nd Year)၊ Pa Ram Kulh Thang (B th 1st Year)၊ Nu Linda Biak Vel Mawi(IC 2nd Year-English)၊ Nutracy Biak Tin Tial (1st Year-English) Nu Doris Biak Kil Par (VI Std;No.(3) B.E.H.S)တို့၏ဖခင်၊ Pi Ngun Pam,Pi Ni Reng, Pu Hmet Dun. (Pa Van Mawng),Pu Lal Thang,Pi Ca Iangတို့၏ အစ်ကိုကြီးသည် ၁၂-၃-၂၀၀၄ရက် နံနက် ၈း၄၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၄-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ဝတ်ပြုဆုတောင်းပြီး သဂြိုဟ်ပါမည်။(ကားများ နေအိမ် ၄၆မှတ်တိုင်၊ ယုဇနမြို့တော်၊ လှိုင်သီရိ၊ LBC Center များမှ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ စပိန်နိုင်ငံဘုရင်ထံဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၂

၂၀၀၄ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် စပိန်နိုင်ငံ မဒရစ်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ရပ်ကြောင့် အပြစ်ကင်းမဲ့သူ လူအများအပြား အသက်ဆုံးရှုံးခဲ့ရခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ စပိန်နိုင်ငံဘုရင် ပထမမြောက် ဟွန်ကားလိုစ်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအထူးဆောင်းပါး ကဏ္ဍများရည်ညွှန်းချက်

★ "မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကို ပြန်ကြည့်လျှင် တပ်မတော်၏အရေးပါမှုကိုထင်ရှားစွာတွေ့မြင်ရမည်ဖြစ်သည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော တပ်မတော်၊ ငွေကြေးနှင့်အခွင့်အရေး အကျိုးအမြတ် ခံစားမှုအတွက် မဟုတ်ဘဲ အသက်ကိုပင် ပေးဆပ်မည် ဟူသော ခံယူချက်ဖြင့် ဖွဲ့စည်းထားသော တပ်မတော်၊ လွတ်လပ်ရေးကို မဖြစ်မနေရယူနိုင်ရမည် ဟူသော ယုံကြည်ချက်ဖြင့် ဖွဲ့စည်းထားသော တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် ရှေ့တန်း စစ်မျက်နှာမှ စွမ်းစွမ်းတမံပါဝင်ခဲ့သည်။ထို့ကြောင့် မြန်မာ့လွတ်လပ်ရေး အောင်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။"

★ မြင့်သူရိန်၏ **"စွမ်းရည်ထက်မြက်သည့် တပ်မတော်၏သမိုင်း အစဉ်အလာ"** ဆောင်းပါး စာမျက်နှာ (၈နှင့်၉)

★ **"တပ်မတော်နှင့် တိုင်းရင်းသား ပြည်သူများ လက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများ"** စာမျက်နှာ(၇)

★ ကေတုနီလာ၏ **"တပေါင်းအထွဋ်ပွတ္တိ"** ကဗျာ စာမျက်နှာ (၂၀)

★ လှထွဋ်ဦး၏ **"တပ်မတော်၏ ကျေးဇူးကြောင့်"** ကာတွန်း စာမျက်နှာ (၂၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆီအုန်းကိုရည်မှန်းချက်အတိုင်းအပြည့်အဝစိုက်ပျိုး နိုင်ငံတော်နှင့်ဒေသခံများလက်တွဲညီညီကြိုးပမ်းခြင်းဖြင့် ရည်မှန်းချက်များပြည့်ဝအောင်မြင်မည်ယုံကြည်

ရန်ကုန် မတ် ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ယနေ့နံနက် စနာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်အစည်းအဝေးခန်းမ၌ကျင်းပသည့် တနင်္သာရီတိုင်းအတွင်း ဆီအုန်းစေငါးသိန်း စိုက်ပျိုးရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ ဆီအုန်းစိုက်ပျိုးရန် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များနှင့် ဆီကြိတ်စက်ရုံတည်ထောင်ထားသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ❑

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု

တပေါင်းအထွဋ်ပွတ္တိ

★ ရွက်ဝါကြွေ၊ နွေမူးမူး
လေရူးနှုတ်ဆက်၊ ဥသြငှက်တွေ
ခွန်းခြွေသံနှော၊ ပုံပြင်ပြောသို့
လွမ်းမောအရိပ်၊ အတိတ်တပေါင်း
မဟောင်းအဖြစ်၊ အသစ်တစ်ဖန်
ရှင်သန်နိုးထခဲ့လေသည်။
★ တပေါင်းနွေညှ၊ မှောင်လွန်းစွတည့်
လလည်းမသာ၊ တိမ်လွှာမှိုင်းညို့
ပိတ်ဆို့နေစဉ်၊ ကြယ်မမြင်ရ
ဝန်းကျင်တိတ်ဆိတ်၊ အမှောင်ရိပ်၌
သိုသိပ်ခြေသံ၊ မှန်မှန်ရွေ့လျား
မရပ်နားဘဲ၊ ပြောက်ကျားစစ်သည်
ရန်သူ့ဆီသို့၊ ဦးတည်၍တက်
လက်မှသေနတ်၊ လုံ့စွပ်တပ်လျက်
ချဉ်းကပ်အနီး၊ ရောက်ခဲ့ပြီးနောက်
ထိုးဖောက်စီးနင်း၊ ပြင်းထန်ပစ်ခတ်
ဖက်ဆစ်တပ်ကို၊ အပြတ်ချေမှုန်း
ညလုံးပေါက်မျှ၊ တိုက်ခိုက်ကြသည်
တက်ကြွရဲရဲ၊ အနီထဲမှ
ရှန်းပလင်းပြက်၊ ကြယ်ဖြူလက်ခဲ့
သက်စွန့်စတေး၊ သွေးဖြင့်သွန်းလောင်း
သူရဲကောင်းသည်၊ တပေါင်းအထုပ္ပတ်
မြင့်မြတ်မော်ကွန်း ဖြစ်သတည်း။ ။

ကေတုနီလာ



နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်အစည်းအဝေးခန်းမတွင် ကျင်းပသော တနင်္သာရီတိုင်းအတွင်းဆီအုန်းစေ ငါးသိန်းစိုက်ပျိုးရေးနှင့်ပတ်သက်သည့် ညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)